# ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၃၁) ရက်နေ့၌ ကျင်းပခဲ့သည့် (၃၁) ကြိမ်မြောက် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အစည်းအဝေးမှတ်တမ်း

## ၁။ ရည်ရွယ်ချက်

(၃၁) ကြိမ်မြောက် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အစည်းအဝေးအား အောက်ပါ ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့သည် -

- (၂၉) ကြိမ်မြောက်နှင့် (၃၀) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ဆောင်မှု နောက်ဆုံးအခြေအနေများအား တင်ပြရန်
- NCS ရုံး၏ လုပ်ငန်းလွှဲပြောင်းမှု လုပ်ငန်းစဉ်အား တင်ပြရန်
- Mining Cadastre ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးရန်
- ဒုတိယအကြိမ် BO လုပ်ငန်းစဉ်များ ထုတ်ပြန်နိုင် ရန်အတွက် Website ပြင်ဆင်ထားရှိမှုနှင့် နောက်ဆုံး အခြေအနေကို တင်ပြရန်
- Project Level Reporting လုပ်ငန်းစဉ်နှင့်ပတ်သက်၍ Project Definition အားတင်ပြအတည်ပြုရန်နှင့် ရှေ့လုပ်ငန်းစဉ်များအား တင်ပြဆွေးနွေးရန်
- Beneficial Ownership and Contract Transparency Legal Review REOI ခေါ်ယူထားမှုနှင့်ပတ်သက်၍ တင်ပြရန်
- Quasi-Fiscal Expenditures Study REOI ခေါ်ယူ ထားမှုနှင့်ပတ်သက်၍ တင်ပြရန်
- Systematic Disclosure REOI ခေါ်ယူထားမှုနှင့် ပတ်သက်၍ တင်ပြရန်
- 6th Summary Data Report ပြုစုရန် Consultant ခေါ်ယူထားမှုနှင့် ပတ်သက်၍ တင်ပြရန်
- 6th and 7th IA TOR (မူကြမ်း) အား အတည်ပြုရန်

## ၂။ အစည်းအဝေးတက်ရောက်သူများ

မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ဥက္ကဋ္ဌ ဖြစ်သည့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဒုတိယဥက္ကဋ္ဌဖြစ်သည့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်ကြီး၊ အစိုးရကဏ္ဍကိုယ်စားလှယ် (၆) ဦး၊ လုပ်ငန်းရှင်ကိုယ်စားလှယ် (၆) ဦး၊ အရပ်ဘက် ကိုယ်စားလှယ် (၄) ဦး၊ အရန်ကိုယ်စားလှယ် များနှင့် လေ့လာသူ (၇) ဦး၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ EITI ဌာနခွဲ (MOBD) မှ (၆) ဦး၊ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများမှ (၄) ဦး၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးနှင့် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး (MEITI-NCS) မှ (၁၃) ဦး၊ ကျား - ၂၉ ဦး၊ မ - ၂၁ ဦး၊ စုစုပေါင်း တက်ရောက်သူ (၅၀)

ဦးခန့်ရှိခဲ့သည်။ အစည်းအဝေးတက်ရောက်သူစာရင်းအား နောက်ဆက်တွဲ (၁) တွင် အသေးစိတ် ဖော်ပြထားပါသည်။

## ၃။ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ဥက္ကဋ္ဌ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အဖွင့်အမှာစကား ပြောကြားခြင်း

သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာ၌ (၃၁) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒုတိယဥက္ကဋ္ဌ ဦးခင်လတ်ကြီး၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး ဦးစိုးဝင်း၊ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အဖွဲ့ဝင်ကိုယ်စားလှယ်များ၊ တက်ရောက်သူများအား မင်္ဂလာပါဟု နှုတ်ခွန်းဆက်ပါကြောင်း၊ ပြီးခဲ့သည့် ၁၂-၈-၂၀၂၀ ရက်နေ့တွင် (၃၀) ကြိမ်မြောက် MSG အစည်းအဝေးအား ကျင်းပဖြစ်ခဲ့သည့်အတွက် ယခုအစည်းအဝေးများသည် မကြာခဏ ကျင်းပလာခြင်း ဖြစ်ပြီး NCS အနေဖြင့် တိုးတက်မှုများအား တင်ပြစရာရှိ၍ ကျင်းပြခြင်းဖြစ်ကြောင်း၊ ယနေ့အစည်းအဝေး၌ (၂၉) ကြိမ် နှင့် (၃၀) ကြိမ်မြောက် MSG အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်မှုကိုလည်း NCS မှ တင်ပြသွားမည်ဖြစ်ကြောင်း၊ လာမည့် စက်တင်ဘာလတွင် MOPFI နှင့် NCS တို့၏ MOU စာချုပ် သက်တမ်းကုန်ဆုံးမည် ဖြစ်သည့်အတွက် စက်တင်ဘာလအတွင်းတွင် လုပ်ငန်းလွှဲပြောင်းခြင်း များအား ပြုလုပ်မည်ဖြစ်ပြီး အစီအစဉ်များအား NCS နှင့် MOBD တို့က တင်ပြသွားရန်ရှိကြောင်း၊ ထို့နောက် BO Website ဆောင်ရွက်ထားမှု နောက်ဆုံးအခြေအနေများ၊ Project level definition နှင့်ပတ်သက်ပြီး သဘောထား မှတ်ချက်များနှင့် လုပ်ငန်းစဉ်အခြေအနေများအား ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ BO နှင့် Contract Transparency Legal Review Consultant ငှားရမ်းမည့် အခြေအနေများလည်း ဆွေးနွေးမည် ဖြစ်ပြီး အဆိုပါကိစ္စကို ဦးဆောင်ကော်မတီတွင်လည်း ဆွေးနွေးရမည်ဖြစ်ကြောင်း၊ Quasi-fiscal Expenditure Study အတွက် Consultant ငှားရမ်းရန်အတွက် USAID (Nathan Associates) မှ ပံ့ပိုးမည် ဟုသိရပြီး REOI အခြေအနေများအား ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ Systematic Disclosure Consultant အတွက် REOI ခေါ်ယူမှု အခြေအနေများ၊ (၆) ကြိမ်မြောက် Summary report အတွက် REOI ခေါ်ရန် အခြေအနေများအား NCS က တင်ပြဆွေးနွေးမည်ဖြစ်ကြောင်း၊ (၆) ကြိမ်မြောက်နှင့် (၇) ကြိမ်မြောက်အစီရင်ခံစာအတွက် IA ငှားရမ်းရန် MSG အနေဖြင့် IA ToR ကိုလည်း အတည်ပြုပေးကြရန် ရှိကြောင်း၊ ယခင် အစည်းအဝေးများနည်းတူ အားလုံး ဝိုင်းဝန်းဆွေးနွေးပေးကြရန် တိုက်တွန်း ပြောကြားလိုကြောင်း စသဖြင့် အဖွင့်အမှာစကားပြောကြားခဲ့သည်။

## ၄။ (၃၁) ကြိမ်မြောက်မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အစည်းအဝေးတွင် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး ဦးစိုးဝင်းမှ အမှာစကားပြောကြားခြင်း

(၁) မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး ဦးစိုးဝင်းမှ ပြောကြားရာ၌ အစည်းအဝေးကို ပါဝင်တက်ရောက် ပေးကြသည့် MSG ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးခင်လတ်ကြီး၊ MSG ကိုယ်စားလှယ်

မိသားစု ဝင်များ၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ မိသားစုများ၊ နည်းပညာနှင့်ငွေကြေး ထောက်ပံ့ပေးကြပါသော မိတ်ဖက်အဖွဲ့အစည်းများမှ မိတ်ဆွေများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါကြောင်း၊ ပြီးခဲ့သည့် (၂၈) ရက်နေ့တွင် (၄) ကြိမ် မြောက်နှင့် (၅) ကြိမ်မြောက် အစီရင်ခံစာထုတ်ပြန်ကြေညာခြင်း အခမ်းအနားကို ယခုကဲ့သို့ COVID-19 ရောဂါ အခြေအနေကြားမှာ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည့် အတွက် ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ဝင်များ၊ ပါဝင်ဆောင်ရွက်ပေးခဲ့ကြသူများ အားလုံးကို အထူး ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ MEITI အနေဖြင့် ယခုဆိုလျှင် EITI အစီရင်ခံစာ (၅) စောင်အပါအဝင် သစ်တောအစီရင်ခံစာ (၄)စောင် ထုတ်ပြန်နိုင်ခဲ့ပြီး BO လုပ်ငန်းစဉ်၊ Mining Cadaster လုပ်ငန်းစဉ်၊ EITI စံနှုန်း ၂၀၁၉ အရ ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်များနှင့် Validation လုပ်ငန်းစဉ်အရ Corrective Action လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ EITI လုပ်ငန်းစဉ် စတင်ဆောင်ရွက်သည့် အချိန်ကစပြီး ယခုအချိန်အထိ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ် အား ပြန်သုံးသပ်ကြည့်မည်ဆိုပါက ခရီးအတော်ပင် ရောက်ခဲ့ပြီဟု ဆိုနိုင်ကြောင်း၊ မိမိတို့ အနေနှင့် ယခုလက်ရှိရင်ဆိုင်နေရသည့် COVID-19 ကပ်ရောဂါ သက်ရောက်မှု ရှိနေသည့်အတွက် ၂၀၁၉ EITI စံနှုန်းအရ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ နောက်ဆုံးထား ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်၊ ၂၀၂၁ ခုနှစ်၊ ဧပြီလမတိုင်ခင်ဆောင်ရွက်ရမည့် Corrective Action လုပ်ငန်းစဉ်စသည့် လုပ်ငန်းစဉ်များ အချိန်မှီပြီးစီးအောင်ဆောင်ရွက်နိုင်ရန်နှင့် မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ် အခုလိုဆက်လက်အောင်မြင်အောင်ဆောင် ရွက်နိုင်ဖို့အတွက် ဆက်လက် တာဝန်ယူမည့် ညှိနှိုင်းရေးမှူးရုံးအသစ်ကိုလည်း ကူညီပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊

(၂) မိမိတို့ညှိနှိုင်းရေးမှူးရုံးအနေနှင့် လုပ်ငန်းလွှဲပြောင်းခြင်းဆိုင်ရာနှင့် ပတ်သက်၍ စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ဝန်ထမ်း (၈) ဦးအနေဖြင့် ၇-၉-၂၀၂၀ ရက်နေ့မှစ၍ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးသို့ လာရောက်ပြီး လုပ်ငန်းစဉ်ပူးတွဲလေ့လာခြင်း နှင့် လုပ်ငန်းလွှဲပြောင်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ဆောင်ရွက်ကြမည်ဖြစ်ပါကြောင်း၊ ထို့အတွက်လည်း မိမိတို့ညှိနှိုင်းရေးမှူးရုံးကနေ သက်ဆိုင်ရာ Team အလိုက် အတူတကွပူးပေါင်း လေ့လာလုပ်ဆောင်ကြခြင်းဖြင့် စနစ်တကျလွှဲပြောင်းပေးနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ NCS ရုံး၏ စနစ်တကျ လွှဲပြောင်းနိုင်ရေးအတွက် ပူးပေါင်းယှဉ်တွဲ လုပ်ဆောင်ကြမည့် အစီစဉ်များကိုလည်း NCS ရုံးမှ တင်ပြသွားမည်ဖြစ်ပါကြောင်း၊ ယခုလက်ရှိဆောင်ရွက်နေသည့် Commodity Trading Report ၊ Project Level Reporting ၊ Quasi Fiscal Expenditures (QFE) တို့နှင့်ပတ်သက်၍ တင်ပြဆွေးနွေးသည့်အခါတွင်လည်း ဆွေးနွေးဆုံးဖြတ်ပေးကြရန် အမှာစကားပြောကြားခဲ့သည်။

**၅။ (၂၉) ကြိမ်မြောက်နှင့် (၃၀) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ဆောင်မှု နောက်ဆုံးအခြေအနေများအား တင်ပြခြင်း**

(၁) အကြီးတန်းပြန်ကြားရေးတာဝန်ခံက (၂၉) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည် ဖော်ဆောင်မှု နောက်ဆုံးအခြေအနေများအား အောက်ပါအတိုင်း အနှစ်ချုပ်တင်ပြခဲ့ပါသည် -

| စဉ် | ဆုံးဖြတ်ချက်များ | ဆောင်ရွက်မှုအခြေအနေ |
|---|---|---|
| ၁ | EITI အကောင်အထည်ဖော်ဆောင်မှုနှင့်ပတ်သက်၍ ဘုံရည်မှန်းချက်များ၊ ရလဒ်နှင့် အကျိုးသက်ရောက်မှုများ၊ Key Performance Indicator များအား Technical and Reporting Sub-committee တွင် တက်ကြွစွာ ဆွေးနွေး ချမှတ် ရန်<br>• Technical and Reporting Sub-committee မှ စုံလင်စွာ တက်ရောက် ရန်<br>• ၅-၈-၂၀၂၀ ရက်နေ့တွင် EITI Impact and outcome assessement နှင့် key performance များအား ဆွေးနွေး ရန်<br>• ၆-၈-၂၀၂၀ ရက်နေ့တွင် Final Inception Report for 1st MEITI Commodity Trading Report အား ဆွေးနွေးရန်<br>• လူချင်းတွေ့ဆုံရန် အဆင်မပြေပါက အွန်လိုင်းမှ အစည်းအဝေး တက်ရောက်နိုင်ရန်အတွက် ညှိနှိုင်းဆောင်ရွက်ရန်<br><br>EITI Impact and outcome assessement နှင့် key performance နှင့်ပတ်သက်၍ ရရှိ လာသည့် ဆွေးနွေးသဘောတူညီချက်များအား MEITI ချန်ပီယံထံ ဆက်လက်တင်ပြ၍ အတည်ပြုတရား ဝင်ဖြစ်စေရန် အတွက် ဆက်လက်လုပ်ဆောင်ရန် | ၅-၈-၂၀၂၀ ရက်နေ့နှင့် ၆-၈-၂၀၂၀ ရက်နေ့ တွင် အစည်းအဝေးများ ကျင်းပခဲ့ကြောင်း၊ Impact Study Consultant ToR မူကြမ်းအား နည်းပညာနှင့်အစီရင်ခံစာ လုပ်ငန်းခွဲကော်မတီ ထံသို့ ၇-၈-၂၀၂၀ ရက်နေ့တွင် တင်ပြ၍ သဘောထား ရယူပြီး ဖြစ်ကြောင်း၊ |
| ၂ | Mining Cadaster Phase II လုပ်ငန်းစဉ်နှင့် ပတ်သက်သည့် MONREC ဝန်ကြီးဌာန၏ Working Group နှင့် Consultant တို့၏ အစည်းအဝေး မှတ်တမ်းများအား MSG သို့ မျှဝေ ပေးရန် | မျှဝေခဲ့ပြီးဖြစ်ကြောင်း၊ |
| ၃ | MSG ၏ လုပ်ငန်းတာဝန်များ၊ အခြေခံမူများနှင့် ပတ်သက်၍ ပွင့်လင်း မြင်သာမှု၊ အခွင့်အရေး နှင့် | ဆောင်ရွက်ရန်ကျန်ရှိသေးကြောင်း၊ |

| | | |
|---|---|---|
| | ရပိုင်ခွင့်များသည် အခြေခံ အကျဆုံး အချက်များ ဖြစ်ပြီး MSG ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ နှင့် ညှိနှိုင်း ရေးမှူးတို့မှ ထိန်းကျောင်း ပေးရန် လိုအပ်ကြောင်း၊ ကဏ္ဍစုံမှ လေးစားလိုက်နာရန်အတွက် အစိုးရ ကဏ္ဍများ ပါဝင်သည့် Working Committee တွင် လည်း ဆွေးနွေး အသိပေးမှုဝေရန် | |
| ၄ | Working Committee သည် Leading Committee သို့ တာဝန်ခံရပြီး MSG မှ ချမှတ် ထား သည့် ဆုံးဖြတ်ချက်များအား အကောင် အထည် ဖော်ရန် ဆောင်ရွက်ရကြောင်း၊ Leading Committee မှ လက်ခံ သဘောတူပြီးပါက ဆက် လက် အကောင်အထည် ဖော်ရကြောင်းနှင့် လုပ်ထုံး လုပ်နည်းများအတိုင်း လမ်းကြောင်း မှန်ကန်စွာ ဆောင်ရွက်နိုင်ရန် ထိန်းညှိပေးရန် တာဝန်ရှိ ကြောင်း | ဆွေးနွေးချက်အား မှတ်တမ်းတင် ထား ခြင်း ဖြစ်ကြောင်း၊ |
| ၅ | Donor Consultation Group ၏ SOP များအား ရေးဆွဲ ပြဋ္ဌာန်းရန် | ဆောင်ရွက်ရန်ကျန်ရှိသေးကြောင်း၊ |
| ၆ | • MSG အစည်းအဝေးဆုံးဖြတ်ချက်များ အား စေလျင်စွာ အကောင်အထည် ဖော်ဆောင် ရန်<br>• အစည်းအဝေးတက်ရောက်သူစာရင်းများအား သက်ဆိုင်ရာဌာန/ အဖွဲ့အ စည်းများက သေချာစွာ ပေးပို့ရန် | ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ |
| ၇ | Mining Cadaster အစည်းအဝေးအား ၁၅-၇-၂၀၂၀ ရက်နေ့ နေ့လည် ၁း၀၀ နာရီတွင် ညှိနှိုင်း ကျင်းပရန်<br>• Online ဖြင့်ကျင်းပရန်<br>• DOM မှ ဖိတ်ကြားရန်နှင့် ညှိနှိုင်းကျင်းပ ရန် | အကောင်အထည်ဖော်ပြီးဖြစ်ကြောင်း၊ |

(၂) အကြီးတန်းပြန်ကြားရေးတာဝန်ခံက (၃၀) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ဆောင်မှု နောက်ဆုံးအခြေအနေများအား အောက်ပါအတိုင်း ဆက်လက်တင်ပြခဲ့ပါသည် -

| စဉ် | ဆုံးဖြတ်ချက်များ | ဆောင်ရွက်မှုအခြေအနေ |
|---|---|---|
| ၁။ | RI နှင့် MOPFI အကြားညှိနှိုင်းဆုံးဖြတ်ထားသည့် NCS အသစ်နှင့် ပတ်သက်၍ အရပ်ဘက် ကိုယ်စား လှယ်များက မေးမြန်း ဆွေးနွေးရာ၌ MEITI လုပ်ငန်း စဉ်အတွက် New Structure မဖွဲ့စည်းနိုင်မီ ကြား ကာလတွင် ကြန့်ကြာမှုများ၊ လုပ်ငန်းစဉ် ရပ်တန့် | MOPFI ၏ အကြောင်းပြန်ကြားစာအား MSG သို့ ၂၁-၈-၂၀၂၀ ရက်နေ့တွင် တင်ပြပြီး ဖြစ်သည်။ |

| | | |
|---|---|---|
| | သွားခြင်းများ မရှိစေရန်အတွက် အောက်ပါ အချက်များ အား အရပ်ဘက်ကိုယ်စားလှယ်များသို့ ရှင်းလင်းစွာ စာဖြင့် ပြန်လည် ဖြေကြားပေးရန် -<br><br>(၁) National Coordinator (NC) ကို RI မှခန့်အပ်ပြီး NCS အသစ်အား MOPFI အောက်တွင် ထားရှိပါက NCS အသစ်သည် မည်သူ၏ လမ်းညွှန်ချက်ဖြင့် လိုက်နာဆောင်ရွက်ရမည်ကို ရှင်းလင်း ပေးရန်၊<br><br>(၂) အစိုးရအပြောင်းအလဲကာလတွင် EITI လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ မည်သူက တာဝန် ယူမည်အား ရှင်းလင်းပေးရန်၊<br><br>(၃) EITI ဘတ်ဂျက်နှင့်ပတ်သက်၍ Donor မရှိပါက နိုင်ငံတော်ဘဏ္ဍာငွေမှ ကျခံသုံးစွဲနိုင်ရေးကို အားပေး ကြိုဆိုကြောင်း၊<br><br>(၄) NCS အား NC မှ ဦးဆောင်သည်ဟု နားလည် ထားကြောင်း၊ NCS အသစ်တွင် မည်သူဦးဆောင် မည်အား ရှင်းလင်းပေးရန်၊ | |
| ၂။ | Consultant မှ ဆွေးနွေးတင်ပြခဲ့သည့် အဆိုပြု Structure နှစ်ခုဖြစ်သည့် Option (1) Hybrid Organization under MOPFI နှင့် Option (2) Hybrid Organization under President's Office နှင့်ပတ်သက်၍ ဆွေးနွေးရာ၌-<br><br>အစိုးရကိုယ်စားလှယ်များမှ သဘောထားမှတ်ချက် ပေးရာ၌ DOM ၊ IRD ၊ OGPD/ MOGE ၊ MGE ၊ OAG တို့သည် Option (1) အား ရွေးချယ်ကြောင်း၊<br><br>လုပ်ငန်းရှင်ကိုယ်စားလှယ်များမှသဘောထားမှတ် ချက်ပေးရာ၌ လုပ်ငန်းရှင်တစ်ဦးမှ Option (1) အား ရွေးချယ်ကြောင်း၊ ကျန်ကိုယ်စားလှယ်များမှ သီးခြား မှတ်ချက်မရှိကြောင်း၊ အများသဘောတူလက်ခံ သည့် အတိုင်းသာ ဖြစ်ကြောင်း၊ | ဆွေးနွေးချက်အား မှတ်တမ်းတင်ထားခြင်း ဖြစ်ကြောင်း၊ |

| | | |
|---|---|---|
| | အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်များအနေဖြင့် Option နှစ်ခု အနက် ယာယီအားဖြင့် Option (1) ဖြင့် ဆောင်ရွက်၍ ရေရှည် အတွက် အစိုးရအသစ်တက်လာပါက Option (2) ဖြင့် ဆောင်ရွက်ရန် တိုက်တွန်းဆွေးနွေးသည်။ | |
| ၃။ | တင်ပြခဲ့သည့် Structure နှင့်စပ်လျဉ်း၍ Working Committee ကော်မတီ၏ အခန်းကဏ္ဍထားရှိပုံအား အရပ်ဘက်ကဏ္ဍမှ မေးမြန်းမှု အပေါ် အစိုးရ၏ Working Committee ဖြစ်သည့်အတွက် အစိုးရဘက်တွင်သာ သီးခြားထားရန် Consultant မှ သဘောတူ သည်။<br><br>Consultant မှ NC ၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၌ NC အား အခြားနိုင်ငံများနှင့်မတူညီဘဲ Politically appointed အရ NCS နှင့် တိုက်ရိုက်ချိတ်ဆက်မထားဘဲ Deputy NC မှသာ နေ့စဉ်စီမံခန့်ခွဲမှုများအား ဆောင်ရွက်သည့်ပုံစံဖြင့် ထားရှိထားကြောင်း တင်ပြခဲ့သည်။<br>အရပ်ဘက်ကိုယ်စားလှယ်များမှ ဆွေးနွေးရာ၌ NC သည် Politically appointment ဟု လျာထားမည်ဆိုပါက လုပ်ငန်းစဉ်များ ထိရောက်စွာ အကောင်အထည် ဖော်နိုင်ရန် အတွက် Political Power နှင့် စိတ်စေတနာရှိသူအား ရွေးချယ်နိုင်ရန် အရေးကြီးကြောင်း ဆွေးနွေး ခဲ့သည်။ | ဆွေးနွေးချက်အား မှတ်တမ်းတင်ထားခြင်းဖြစ်ကြောင်း၊ |
| ၄။ | ၂၀၂၁ ခုနှစ်၊ မတ်လအထိ Option (1) ဖြင့် ဆက်လက်ဆောင်ရွက် ရန်နှင့် ယင်းနောက်ပိုင်း Option (2) ဖြင့် ဆောင်ရွက်ရန် | ဆက်လက်ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ |
| ၅။ | ဆုံးဖြတ်ချက် (၄) အား MEITI ချန်ပီယံထံ ဆက်လက်တင်ပြပြီး အမိန့်ကြော်ငြာစာ ထွက်ရှိနိုင်ပါရန်အတွက် ဆက်လက် ဆောင်ရွက်ရန်<br>• MEITI ချန်ပီယံထံတင်ပြရန် စာကြမ်းအား NCS မှ ပြင်ဆင် ရန်၊<br>• ယင်းစာကြမ်းအပေါ် MSG မှ သဘောထားမှတ်ချက် ပေးရန် | စာကြမ်းအား NCS မှ ၁၃-၈-၂၀၂၀ ရက် နေ့တွင် MSG သို့တင်ပြပြီးဖြစ်ကြောင်း၊<br>MSG ၏ သဘောထားမှတ်ချက်များအား ၁၇-၈-၂၀၂၀ ရက်နေ့တွင် ပြန်လည် တင်ပြပြီးဖြစ်ကြောင်း၊ |

| | | |
|---|---|---|
| ၆။ | NCS ရုံးအဖွဲ့အသစ်တွင် ပါဝင်မည့် ပညာရှင်များကို MEITI Selection Sub-committee မှရွေးချယ်ရန် | ဆောင်ရွက်ရန်ကျန်ရှိနေသေးကြောင်း၊ |
| ၇။ | Organizational Development Consultant ၏ နောက်ဆုံး အခြေအနေအစီရင်ခံချက်များနှင့် ပတ်သက်၍ Work Plan and Governance Sub-committee မှ အစုဖွဲ့ငယ်တွင် ပါဝင်သည့် ကိုယ်စားလှယ်တစ်ဦးချင်းစီနှင့် Consultant တို့ သီးခြား ဆွေးနွေး ရန်<br>• Draft Report နှင့်ပတ်သက်၍ ယင်း ကိုယ်စားလှယ်များမှ သဘောထားမှတ်ချက် ပေးရန် | ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ |
| ၈။ | Organizational Development Consultant ၏ Final အစီရင်ခံစာ အပေါ် MSG အနေဖြင့် သဘောထားမှတ်ချက်ပေး ရန် | ဆောင်ရွက်ရန်ကျန်ရှိနေသေးကြောင်း၊ |
| ၉။ | Organizational Development Consultant မှ Final Report အား ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ အစောပိုင်းထက်နောက်မကျပဲ တင်ပြရန်<br>• စက်တင်ဘာလ ဒုတိယအပတ် (၇-၉-၂၀၂၀ ရက်နေ့) နောက်ဆုံးထား၍ ပေးနိုင်မည် ဖြစ်ကြောင်း Consultant မှ လည်း တင်ပြသွားကြောင်း | ဆောင်ရွက်ရန်ကျန်ရှိနေသေးကြောင်း၊ |
| ၁၀။ | Organizational Development Consultant မှအစီရင်ခံစာများအား မြန်မာဘာသာသို့ ပြန်ဆို တင်ပြရန် | ဆောင်ရွက်ရန်ကျန်ရှိနေသေးကြောင်း၊ |
| ၁၁။ | (၃၁) ကြိမ်မြောက် MSG အစည်းအဝေးတွင် Organizational Development Consultant မှ နောက်ဆုံးအခြေအနေများအား တင်ပြရန် | |
| ၁၂။ | လက်ရှိ NCS ရုံး ၏ Handover လုပ်ငန်းစဥ်အား ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၁၅) ရက်နေ့တွင် စတင်ဆောင်ရွက်ရန်<br>• Handover လုပ်ငန်းစဉ်၊ Handover လက်ခံယူမည့် အဖွဲ့နှင့်ပတ်သက်၍ (၃၁) ကြိမ်မြောက် MSG အစည်းအဝေး တွင် ဆွေးနွေးရန် | ယနေ့ဆွေးနွေးမည်ဖြစ်ကြောင်း၊ |

| | | |
|---|---|---|
| ၁၃။ | (၃၁) ကြိမ်မြောက် MSG အစည်းအဝေးကျင်းပမည့်ရက်နှင့် ပတ်သက်၍ MSG ဥက္ကဋ္ဌ နှင့် ညှိနှိုင်းပြီး စောလျင်စွာကျင်းပရန် | ယနေ့ကျင်းပခြင်းဖြစ်ကြောင်း၊ |
| ၁၄။ | • EITI လုပ်ငန်းစဉ်အား ရေရှည် အထောက်အကူဖြစ်စေရန် အခြား EITI နိုင်ငံများ၏ ဖွဲ့စည်းပုံ၊ ခန့်အပ်ခြင်းနှင့် ပတ်သက်၍ Consultant မှ လေ့လာတင်ပြရန်<br>• Consultant မှ တင်ပြခဲ့သည့် Organogram အား ပြင်ဆင် ရန် | Consultant မှ ဆောင်ရွက်ရန် မှတ်တမ်းတင်ထားခြင်းဖြစ်ကြောင်း၊ |

(၃) စီမံကိန်းမန်နေဂျာက (၃၀) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက် (၁၀)၊ (၁၁) တို့နှင့်စပ်လျဉ်း၍ MSG အစည်း အဝေးနှစ်ခုအကြားကာလ၌ Consultant နှင့်ညှိနှိုင်းရန်ကျန်နေသေးသဖြင့် ယနေ့အစည်းအဝေးတွင် ဖိတ်ကြားထားခြင်းမရှိကြောင်း၊ နောက်တစ်ကြိမ်တွင် ဖိတ်ကြားရန်အတွက် ဆွေးနွေးစေချင်ကြောင်း၊ တိုးတက်မှုအခြေအနေများကိုလည်း Work Plan and Governance Sub-committee ၏ Small group နှင့် MSG တို့ထံ ၎င်း Consultant အနေဖြင့် အလျဉ်းသင့်သလို တင်ပြမည်ဟု သိရှိထားကြောင်း စသဖြင့် တင်ပြခဲ့သည်။

(၄) အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း Consultant အနေဖြင့် ယနေ့အစည်းအဝေးတွင် Update ပေးရမှာ ဖြစ်ကြောင်း၊ တိုးတက်မှုအခြေအနေများအား USAID (Nathan Associates) မှ ဆွေးနွေးပေးနိုင်မှု ရှိ၊ မရှိလည်း မေးမြန်းခဲ့သည်။ ထို့ပြင် အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း ဆွေးနွေးသည့်အစီအစဉ်ထဲ၌ validation ကိစ္စ မပါဟု သိရှိရကြောင်း၊ အဆိုပါ Validation နှင့်ပတ်သက်ပြီး အရှိန်အဟုန်မပြတ်ဆောင်ရွက်နိုင်ရန် မည်ကဲ့သို့ ဆွေးနွေးထားသည်ကိုလည်း သိရှိလိုကြောင်း၊ Validation နှင့်ပတ်သက်ပြီး Impact Assessment လည်း ပြုလုပ်ရမည်လည်း ရှိကြောင်း၊ သက်ဆိုင်ရာလုပ်ငန်းခွဲကော်မတီတွင် ဆွေးနွေးသော်လည်း ယခုဆွေးနွေးသည့် အစီအစဉ်တွင်လည်း ပါဝင်စေချင်ကြောင်း ဆွေးနွေးခဲ့သည်။ စီမံကိန်းမန်နေဂျာကလည်း Validation နှင့်ပတ်သက်ပြီး Validation Group တွင်လည်း ဆွေးနွေးထားပြီး သက်ဆိုင်ရာ Corrective Action အလိုက် တိုးတက်မှုအား ဖြည့်သွင်းဆောင်ရွက်ထားကြောင်း၊ ထိုအကြောင်းအရာနှင့်စပ်လျဉ်းသည့် QFE အတွက် Consultant ငှားရမ်းရန်နှင့် Systematic Disclosure တို့နှင့်ပတ်သက်၍ REOI ခေါ်ထားမှု ရှိကြောင်းလည်း ပြန်လည်ဖြေကြားခဲ့သည်။ Validation နှင့်ပတ်သက်ပြီး လောလောဆည် Handover လုပ်နေသည့်ကာလဖြစ်သဖြင့် ယခုလအတွင်းမှု ရပ်တန့်နေသည်ဟု တင်ပြလိုကြောင်းလည်း ဖြည့်စွက်တင်ပြခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း လက်ရှိ NCS ဝန်ထမ်းများနှင့်ပတ်သက်ပြီး အလုပ်သမားအခွင့်အရေး စဉ်းစားထားရှိမှု ရှိ၊ မရှိ နှင့် လွှဲပြောင်းပြီးချိန်တွင်လည်း ဝန်ထမ်းများ၏ လက်ရှိအခွင့်အရေးများ လျော့မသွားရန် မည်ကဲ့သို့ စီစဉ်ထားသည်ကိုလည်း မေးမြန်းခဲ့သည်။

(၅) USAID (Nathan Associates) မှ တာဝန်ရှိသူက ဆွေးနွေးတင်ပြရာ၌ ပြီးခဲ့သည့်အပတ်က Organizational Development Consultant Ms. Emma နှင့်တွေ့ခဲ့ကြောင်း၊ နောက်ဆုံး Update အရ MSG ဥက္ကဋ္ဌ နှင့် Consultant တို့ တွေ့ဆုံခဲ့မှုသည် နောက်ဆုံး အခြေအနေဖြစ် ကြောင်း၊ Consultant မှ Update တင်ပြရန်အတွက် Work Plan and Governance Sub-committee က ဖွဲ့စည်းထားသည့် Core Group မှ တစ်ဦးချင်းစီ တွေ့ရန်ရှိကြောင်း၊ မိမိနားလည်ထားသည်မှာ ၇-၉-၂၀၂၀ ရက်နေ့ အစီရင်ခံစာပေးရန်ကိစ္စသည် လက်ရှိအခြေအနေအရ မဖြစ်နိုင် လောက်ကြောင်း၊ ပြီးခဲ့သည့် အစည်းအဝေးတွင် MSG ဆုံးဖြတ်ထားသည့်အတိုင်း Option (1) အရ သဘောတူထားသည့် ဖွဲ့စည်းပုံ နှင့် ပထမဆုံး ဆောင်ရွက်မည်ဟု ရွေးချယ်ထားသဖြင့် Consultant က ဖွဲ့စည်းပုံအား ပြင်ဆင်၍ ဥက္ကဋ္ဌထံတင်ပြခဲ့ကြောင်း၊ ထို့အပြင် တောင်းခံထားသည့် အခြားနိုင်ငံများ၏ ဖွဲ့စည်းပုံများလည်း ပေးပို့ထားကြောင်း၊ ToR များလည်း ပေးပို့ထားသည်ဟု သိရကြောင်း၊ ၎င်းတင်ပြထားသည့် ဖွဲ့စည်းပုံကို အားလုံးမှ အဆင်ပြေသဘောတူပါက Policy ရေးသည့်အပိုင်းအား ဆက်လုပ်နိုင်မည်ဟု သိရကြောင်း၊ ဥက္ကဋ္ဌတို့အနေဖြင့် ရေးဆွဲထားသည့် ဖွဲ့စည်းပုံအား ဦးဆောင်ကော်မတီသို့တင်သည်ဟုလည်း ၎င်းက သိရသည်ဟု ပြောဆိုထားကြောင်း၊ အနှစ်ချုပ်အနေဖြင့် Consultant အနေဖြင့် ထိုဖွဲ့စည်းပုံအား သိရမှသာ Policy ရေးသည့်အပိုင်းပြုလုပ်နိုင်မည်ဟု သိရကြောင်း၊ ထို့နောက်မှသာ အစီရင်ခံစာတင်နိုင်မည်ဟု သိထားကြောင်းလည်း တင်ပြခဲ့သည်။ ထို့နောက် Policy ဟု ပြောရာ၌ HR Policy ၊ Procurement Policy ၊ Financial Policy စသည်တို့ကို ဆိုလိုခြင်းဖြစ်ကြောင်းလည်း USAID (Nathan Associates) မှ တာဝန်ရှိသူတစ်ဦးက ဖြည့်စွက်ဆွေးနွေးခဲ့သည်။

(၆) ဖွဲ့စည်းပုံနှင့်ပတ်သက်ပြီး MSG အစည်းအဝေးများတွင်သာမက လုပ်ငန်းခွဲကော်မတီများပါ ဆွေးနွေးထား ပြီးဟု သိရကြောင်း၊ ထိုသဘောတူထားသည့်အတိုင်း ဆက်လက်ဆောင်ရွက်ရမည်ဟု နားလည်ထား ကြောင်း အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက မေးမြန်းဆွေးနွေးခဲ့သည်။ ပြီးခဲ့သည့် MSG အစည်းအဝေးတွင် သဘောတူထားခဲ့သည့် ဖွဲ့စည်းပုံအတိုင်း ဆက်လက် ဆောင်ရွက်မည်ဆိုပါက Consultant အနေဖြင့် မူဝါဒပိုင်း ရေး၍ ရကြောင်း၊ သို့သော် MSG ဥက္ကဋ္ဌနှင့်ဆွေးနွေးထားသည့် Structure သည် ယခင်က ဆွေးနွေးထားသည့်အတိုင်းမဟုတ်ဘဲ အနည်းငယ်ကွာဟ နေကြောင်း၊ ထို့ကြောင့် အစီရင်ခံစာထွက်ရှိရန်သည် စက်တင်ဘာလ အစောပိုင်းတွင် မဖြစ်နိုင်ကြောင်း လည်း USAID (Nathan Associates) မှ ဖြည့်စွက်တင်ပြခဲ့သည်။

(၇) MSG ဥက္ကဋ္ဌကလည်း USAID (Nathan Associates) ကိုလည်း ကျေးဇူးတင်ပါကြောင်း၊ မိမိတို့လုပ်နေသည့် ရည်ရွယ်ချက်သည် လာမည့်ကာလများတွင် အကောင်အထည်ဖော်ရမည့် NCS ရုံးအသစ်အား ဘတ်ဂျက်ပိုင်း၊ လုပ်ငန်းပိုင်း လွတ်လပ်ရန်နှင့် ရေရှည်သည့် ဖွဲ့စည်းပုံဖြစ်ရန်အတွက် ယခုအချိန်ကာလအရ အပိုင်းနှစ်ပိုင်းခွဲ၍ စဉ်းစားထားကြောင်း၊ တစ်အချက်သည် လက်ရှိ အစိုးရသက်တမ်းကျန်နေသည့်ကာလအပိုင်းကိုလည်း စဉ်းစားထားပြီး အစိုးရအနေဖြင့် RI ကို တာဝန်ပေးထားသည့်အတွက် ဦးစိုးဝင်းအနားယူသော်လည်း RI ကပဲ NC ကို တာဝန်ပေးထားခြင်း

ဖြစ်ခြင်းကြောင့် NC အသစ်ကို RI ကသာ တာဝန်ပေးရမည်ဖြစ်ကြောင်း၊ အစိုးရသက်တမ်းကုန်သည့် (၆) လကာလပြီးနောက်သည် အစိုးရသစ်၏ သဘောထားဖြစ်ကြောင်း၊ မိမိတို့သည် သင့်တော်သည့် ပုံစံဖြစ်ရန်အကြံပြုပေးရမည်ဖြစ်ပြီး ဆုံးဖြတ်ရမည်မှာ အစိုးရသာ ဖြစ်ကြောင်း၊ မိမိတို့ဆွေးနွေးထားသည့် Option (1) Hybrid Organization under MOPFI ၊ Option (2) Hybrid Organization under President Office တို့၏ အားသာချက်၊ အားနည်းချက်များကို စုစည်းပြီး ဦးဆောင်ကော်မတီကနေ အစိုးရအဖွဲ့သို့ အဆင့်ဆင့်တင်ပြအတည်ပြု ရွေးချယ်သည့်ပုံစံဖြင့်သွားရမည်ဖြစ်ကြောင်း၊ Option 1 သက်သက်ဖြင့် ဆောင်ရွက်၍ ရနိုင်မှလည်း ရမည်ဖြစ်ကြောင်း၊ Option 2 သက်သက်ဖြင့်လည်း ဖြစ်နိုင်မှလည်း ဖြစ်မည်ဖြစ်ကြောင်း၊ ပေါင်းစပ်၍ ဆောင်ရွက်သည့်ပုံစံလည်း ဖြစ်နိုင်ကြောင်း၊ ထိုအခြေအနေများသည် မိမိတို့ဘက်မှ မပြတ်သား သေးကြောင်း၊ လက်ရှိအနေဖြင့် MOPFI အောက်တွင် ရုံးတစ်ရုံးအား အဆင့်မြှင့်တင်၍ ပုံစံဖွဲ့စည်းသည့် ပုံစံအား တင်ထားကြောင်း၊ ထိုအတိုင်းဖြစ်လာပါက Consultant ငှားရမ်းခြင်း၊ ပညာရှင်များနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်းများအား ဆက်လုပ်နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါအခြေ အနေများအား သိရပြီးပါက အထက်လူကြီးများနှင့် ညှိပြီးနောက် Policy ရေးရန်ကိစ္စအား Consultant အနေဖြင့် ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် Consultant ကိုလည်း ၉-၉-၂၀၂၀ ရက်နေ့ အစီရင်ခံစာမတင်နိုင်သေးသည် နားလည်ပေးရမည် ဖြစ်ကြောင်း၊ အချိန်တိုးမြှင့်ဆောင်ရွက်စေရန် မေတ္တာရပ်ခံလိုကြောင်း၊ MSG အဖွဲ့ဝင်များကလည်း ၎င်းတင်ပြ နိုင်သည့်အချိန်ထိ အချိန်ပေးစေလိုကြောင်း၊ လတ်တလောတွင် MOPFI မှာထား၍ Hybrid အဖွဲ့အစည်းဖြစ်ရန်ဆုံးဖြတ်ထားပြီး အသေးစိတ် ကိစ္စများတွင် ဆုံးဖြတ်ချက် မပြီးပြတ်သေးကြောင်း၊ လတ်တလောဦးစားပေးလုပ်ရမည်မှာ လက်ရှိ NCS ၏ လုပ်ငန်းတာဝန်များ ကို အဖွဲ့အသစ်မှ တာဝန် လွှဲပြောင်းယူရန်ကိစ္စများကို ရှိသည့်အင်အားနှင့် လွှဲပြောင်းရယူရန် စီစဉ်နေပြီး တစ်ဖက်တွင်လည်း ဖွဲ့စည်းပုံအသစ်အား ဖွဲ့စည်းနိုင်ရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ အချိန်အားဖြင့် အနည်းငယ်ယူရမည်ဖြစ်ကြောင်းစသဖြင့်ပြောကြားခဲ့သည်။

(၈) ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလကုန်ပါက လက်ရှိ NCS အဖွဲ့ကို ဖျက်သိမ်းပြီး အဖွဲ့အသစ်တွေကို စဖွဲ့မည်ဟု သိရကြောင်း၊ အဆိုပါဆုံးဖြတ်ချက်သည် အစိုးရဆုံးဖြတ်ချက် သို့မဟုတ် RI ၏ ဆုံးဖြတ်ချက် သို့မဟုတ် မည်သူ၏ ဆုံးဖြတ်ချက် ဆိုသည်ကို သိလိုကြောင်း၊ အစိုးရဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို ယုံကြည်ပါကြောင်း၊ သို့သော် လုပ်ထုံးလုပ်နည်းများက အကန့်အသတ်ရှိသဖြင့် စိုးရိမ်ပါကြောင်း၊ လောလောဆည် လုပ်နေရသည့်လုပ်ငန်းများသည် တုန့်ပြန်လွယ် စီမံခန့်ခွဲလွယ်သည့်ပုံစံ ဖြစ်ရမည့် ပုံစံဖြစ်ကြောင်း၊ ဝန်ထမ်းများ ကို ခန့်ထားသည့်ကိစ္စ၊ ရပ်ဆိုင်းသည့်ကိစ္စများကို မည်ကဲ့သို့ စီစဉ်ထားသည်ကိုလည်း အရပ်ဘက် ကိုယ်စားလှယ်က မေးမြန်းဆွေးနွေးခဲ့သည်။

(၉) MSG ဥက္ကဋ္ဌကလည်း ဝန်ထမ်းများ ရပ်ဆိုင်းခြင်း ကိစ္စရပ်သည် NCS ၏ စာချုပ်များကို ကြည့်မည်ဆိုပါက သိနိုင်မည်ဖြစ် ကြောင်း၊ စာချုပ်ကာလကုန်ဆုံးသွားပါက အလိုအလျောက် ကုန်ဆုံးမည်ဖြစ်ကြောင်း၊ စက်တင်ဘာလကုန်ပြီးပါက ကမ္ဘာ့ဘဏ်ကလည်း NCS ကို ပံ့ပိုးမှုရပ်ဆိုင်းမည်

ဖြစ်ကြောင်း၊ သို့သော် လုပ်ငန်းအတွက် ဘတ်ဂျက်သုံးစွဲနိုင်ရန်အတွက် အစိုးရဘက်သို့ ပံ့ပိုးပေးထားသည့်ဘတ်ဂျက်မှ အစိုးရ အောက်တိုဘာလမှစ၍ ဝန်ထမ်းများ လစာပေးရန်နှင့် အပြင်က Consultant ခေါ်နိုင်ရန်ကိစ္စများအတွက်သာ ရှိတော့မည်ဖြစ်ကြောင်း၊ အဆိုပါအချက်များသည် အစိုးရဘက်မှ ဆုံးဖြတ်ထား သည့်အချက်များဖြစ်ကြောင်း၊ လုပ်ငန်းအား စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန် စီစဉ်နေခြင်းဖြစ်ကြောင်း၊ တတ်နိုင်သမျှ မူလဝန်ဆောင်မှုများ မလျော့သွားရန်နှင့် ရည်မှန်းချက်များ မပျောက်သွားရန် စီစဉ်နေကြောင်းလည်း ဆွေးနွေးခဲ့သည်။

(၁၀) အရပ်ဘက်ကိုယ်စားလှယ်ကလည်း အဖွဲ့အစည်းအသစ်မဖွဲ့စည်းနိုင်မီအခြေအနေနှင့် အစိုးရအသစ်အကူးအပြောင်းတွင် ယခင်အတွေ့အကြုံများအရ ကြန့်ကြာမှုမရှိစေရန် ယခင်ကတည်းက ဆွေးနွေးခဲ့ခြင်းရှိကြောင်း၊ ယခုအခြေအနေသည် ရုတ်တရက် ကူးပြောင်းမှုအခြေအနေဖြစ်ကြောင်း၊ ရွေးကောက်ပွဲပြီးပါက လုပ်ငန်းစဉ် ရပ်တန့်မသွားရန် လက်ရှိ NCS နှင့်အဖွဲ့အသစ်က ယှဉ်တွဲပြီး လုပ်ဆောင်သွား၍ ရနိုင်သည့် ဆွေးနွေးချက်မျိုးကို မျှော်လင့်ကြောင်း၊ USAID (Nathan Associates) ကလည်း ပံ့ပိုးရန် ကမ်းလှမ်းထားသည်ဟု သိရကြောင်း ဆွေးနွေးခဲ့သည်။ MSG ဥက္ကဋ္ဌကလည်း ထိုသို့ဆိုပါက ပိုမိုကောင်းမွန်ကြောင်း၊ အကန့်အသတ်ဖြစ်နေသည်မှာ ဘတ်ဂျက်ဖြစ်ကြောင်း၊ နောက်အချက်သည် လာမည့်အစိုးရအသစ်လက်ထက်တွင် အချိန်ကြန့်ကြာရန် မသင့်ကြောင်း၊ Handover ပြုလုပ်ပေးမည့်သူများကလည်း အစိုးရအသစ်တွင် သက်တမ်းစစချင်း ဆက်လက်လုပ်နိုင်ရန် တတ်နိုင်သမျှ ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

(၁၁) အရပ်ဘက်ကိုယ်စားလှယ်ကလည်း ရုတ်တရက်အပြောင်းအလဲပြုလုပ်ပါက အစိုးရအပေါ် ဝန်ပိမည်ကို စိုးရိမ်ပြီး အချိန်နှင့်အညီပြုလုပ်ရမည့်ကိစ္စရပ်များအား အချိန်မမီဖြစ်ခဲ့ပါက တာဝန်ရှိသူများအား တာဝန်ဖိစီးလိမ့်မည် ဖြစ်ကြောင်း၊ ထိုကိစ္စတွေကို ယခုကတည်းက သေချာဆွေးနွေးရန် အရေးကြီးကြောင်း ဆွေးနွေးခဲ့သည်။ MSG ဥက္ကဋ္ဌကလည်း မိမိတို့အနေဖြင့် အခြေခံမှုများအား ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ အဆိုပါအခြေခံမှုများအား အခြေခံပြီးနောက် အသေးစိတ်ပြုလုပ်ရမည်များအား တစ်ခုချင်းတစ်ခု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းစဉ် အတွက် နည်းပညာအပိုင်းအရ စွမ်းအင်၊ သတ္တုနယ်ပယ်များရှိပြီး IA ငှားရမ်းဆောင်ရွက် ခြင်းများရှိပြီး ထို့အတွက် ပညာရှင်သည် လိုအပ်ကြောင်း၊ လိုအပ်သည့်နေရာများအတွက် ဝန်ထမ်းအသစ်ခန့်အပ်ခြင်း၊ လက်ရှိဝန်ထမ်းဟောင်းများ ပြန်ခန့်အပ်ခြင်းများရှိနိုင်ကြောင်း၊ နောက်သက်တမ်းအတွက်လည်း Hybrid ပုံစံဖြင့် ဆောင်ရွက်သွားရမည်ဖြစ်သဖြင့် လုပ်ငန်းစဉ်အား အဆက်မပြတ် တာဝန်ယူသွားရမည်ဖြစ်ကြောင်း၊ လက်ရှိ NCS ကလည်း MOPFI တို့နှင့် တွဲပြီး လုပ်ဆောင် သွားရမှာဖြစ်ကြောင်း စသဖြင့် ပြန်လည်ဆွေးနွေးခဲ့သည်။

(၁၂) ယခုကတည်းက ကြိုတင်ပြီး ဆောင်ရွက်ရမည်ဖြစ်ပြီး လုပ်ထုံးလုပ်နည်းအရ အကန့်အသတ်များရှိခဲ့ပါက မိမိတို့အားထည့်ခဲ့သမျှ အဟောသိကံဖြစ်သွားမည်စိုးရိမ်ကြောင်း၊ မည်သည့်အချိန်တွင် မည်သည့်အနေအထားရောက်ရမည်ဆိုသည့်အချိန်ဇယားလည်း ရှိရမည်ဖြစ်ကြောင်းဆွေးနွေးခဲ့ပြီး

အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း မိမိအနေဖြင့် လုပ်ငန်းအလွှဲအပြောင်းပြုလုပ်သည့် (Transition) ကာလသည် အခုအခြေအနေအရ စက်တင်ဘာလ တစ်လထဲနှင့် မလုံလောက်နိုင်ကြောင်း၊ Validation, Contract Transparency စသည့်အချိန်မီဆောင်ရွက်ရမည့်လုပ်ငန်းများလည်းရှိပြီး ခရီးသွားလာမှု အကန့်အသတ်များလည်းရှိသဖြင့် ပီပီပြင်ပြင်ဖြစ်စေရန်အတွက် ကူညီပံ့ပိုးမည့် USAID (Nathan Associates) ကလည်း ကမ်းလှမ်းထားသည်လည်းရှိသဖြင့် Transition ကာလအား (၃) သို့မဟုတ် (၆) လ သတ်မှတ်မည်ကို တိုက်တွန်းကြောင်း၊ Transition ကာလကို (၆) လ သတ်မှတ်ရန် အရပ်ဘက်မှ အဆိုပြုပါကြောင်း စသဖြင့် ဆွေးနွေးခဲ့သည်။

(၁၂) အမှန်တကယ်တွင် Transition ဟု ဆိုသော်လည်း ယခုအစိုးရသက်တမ်းတွင်သာကြောင်း၊ ဘဏ္ဍာရေးသာ အဆင်ပြေပါက ကျန်သည့် အပိုင်းများကို လက်ရှိအနေအထားမပြတ်ထိန်း၍ ဆောင်ရွက်ရန် စဉ်းစား၍ရကြောင်း၊ လက်ရှိ အနေအထားအတိုင်း လုပ်ငန်းစဉ်မနှောင့်နှေးဘဲ ယှဉ်တွဲဆောင်ရွက်နိုင်ပါက အကောင်းဆုံးဖြစ်ကြောင်းလည်း MSG ဥက္ကဋ္ဌက ပြန်လည်ဆွေးနွေးခဲ့သည်။

## ၆။ NCS ရုံး၏ လုပ်ငန်းလွှဲပြောင်းမှု လုပ်ငန်းစဉ်အား တင်ပြခြင်း

(၁) စီမံကိန်းမန်နေဂျာက တင်ပြရာ၌ လုပ်ငန်းလွှဲပြောင်းမည့်အစီအစဉ်များအား MOBD ထံသို့ တင်ပြထားပြီး ဖြစ်ကြောင်း၊ MSG သို့လည်း စာဖြင့် မျှဝေထားကြောင်း၊ ၇-၉-၂၀၂၀ မှ ၁၁-၉-၂၀၂၀ အထိ သက်ဆိုင်ရာ Team အလိုက် မျှဝေပေးသွားရန် စီစဉ်ထားကြောင်း၊ ကြိုတင်စီစဉ်ထားရာ၌ လုပ်ငန်းလွှဲပြောင်းရန် Handover လုပ်ငန်းသည်လည်း (၃) ပုံ (၂) ပုံခန့် ပြီးစီးနေပြီ ဖြစ်ပါကြောင်း၊ ရက်သတ္တပတ် (၂) ပတ်အတွင်း သက်ဆိုင်ရာ Team များအလိုက် ရှင်းလင်းပေးမည်ဖြစ်မည်ဖြစ်ပြီး မေးခွန်းများမေးမြန်းရန်အတွက် နေ့ပိုင်းအချိန်များအား စီစဉ်ထားကြောင်း၊ ထို့အတွက် သက်ဆိုင်ရာ အကြောင်းအရာအလိုက် တာဝန်လွှဲပြောင်းယူမည့် Focal Person သတ်မှတ်ပေးရန်လည်း ပြောထားပြီး ဖြစ်ကြောင်း၊ Focal Person ရှိမှသာ ဥပမာအားဖြင့် Validation လုပ်ငန်းစဉ်သည် မည်သည့်အဆင့် ရောက်နေ ပြီး မည်သူများနှင့် အဓိကချိတ်ဆက်ဆောင်ရွက်နေသည်ကို မျှဝေနိုင်မည်ဖြစ်ကြောင်း စသဖြင့် လုပ်ငန်းလွှဲပြောင်းမည့်အချိန်ဇယားနှင့်ချိတ်ဆက်တင်ပြခဲ့သည်။ MSG ဥက္ကဋ္ဌကလည်း တာဝန်လွှဲပြောင်းမှုသည် လွယ်ကူကြောင်း၊ သို့သော် တာဝန်ဆက်လုပ်ပြီး တာဝန်ယူရမည့်သူသည် သူ့အချိန်နှင့်သူ တာဝန်ယူရမည် ဖြစ်ကြောင်း၊ ထိုကိစ္စများကို စီလျော်သည့် Technical Officer များ၊ ကျွမ်းကျင်သူများ ရှိရန်လိုအပ်ကြောင်း၊ MOBD နှင့် သေချာ အသေးစိတ် ဆွေးနွေးပြီး လိုအပ်ချက်များကို အသေအချာ အသေးစိတ် အစီအမံများ တင်ပြပြီး ဆက်လုပ်ရန်သင့်ကြောင်း၊ MOBD နှင့် NCS သီးခြား အစည်းအဝေးပြုလုပ်၍ တစ်ခါတည်း အစီအစဉ်များ ချမှတ်ရန်သင့်ကြောင်း ဆွေးနွေးခဲ့သည်။

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: info@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org

(၂) အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း နှစ်ဦးနှစ်ဖက်အကျိုးရှိသည့်အရာကို ဆွေးနွေးသင့်ကြောင်း အကြံပြုခဲ့သည်။ ထို့နောက် အခြားအရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း အလုပ်သဘာဝအရ အစိုးရ၏ လုပ်ငန်းဆောင်ရွက်မှုများကို မေးခွန်းထုတ်ရခြင်းဖြစ်ကြောင်း၊ NCS သည် Multi-stakeholder နှင့် ချိတ်ဆက်ရမှာဖြစ်ကြောင်း၊ လက်ရှိလုပ်နေသည့်သူများကို ဆက်လက်ခန့်ထားရန်အတွက် လိုအပ်မည်ဖြစ်ကြောင်း၊ လုပ်ငန်းလွှဲပြောင်းခြင်းကို အတူတကွ လွှဲပြောင်းရမည်ဖြစ်ပြီး USAID (Nathan Associates) မှလည်း အသေးစိတ် လိုအပ်သည်များကို ပြင်ဆင်တောင်းခံခြင်းများ ရှိနိုင်မည်ဖြစ်ကြောင်း စသဖြင့် ဆွေးနွေးခဲ့သည်။ လုပ်ငန်းလွှဲပြောင်းမှုသည် လွယ်ကူကြောင်း၊ အကောင်အထည်ဖော်မှုတွင်သာ အဓိက ပြဿနာဖြစ်နိုင်ကြောင်း၊ အရှိန်ဟုန်မပြတ် ဖြစ်နေရန် လိုအပ်ကြောင်း၊ လက်တွေ့အကောင်အထည် ဖော်သည့်အခါ အခက်အခဲဖြစ်လာပါက တွဲပြီးလုပ်ဆောင်မှသာ လုပ်ရင်းနှင့် လုပ်စရာရှိသည်များကို တစ်ပါတည်း မျှဝေသင်ယူသွားရန်သင့်ကြောင်း၊ လွှဲပြောင်းခံမည့်အဖွဲ့အစည်းသည် အစိုးရအဖွဲ့အစည်း ဖြစ်သည့်အတွက် လွယ်လွယ်ကူကူ ဆုံးဖြတ်ချက်ချကာ လုပ်ဆောင်၍ ရသည်မျိုးမဟုတ်ဘဲ အဆင့်ဆင့် ဆုံးဖြတ်ရသည်များရှိသဖြင့် အကူးအပြောင်းကာလအား ယှဉ်တွဲ၍ ဆောင်ရွက်ရန် အရပ်ဘက် ကိုယ်စားလှယ်က တိုက်တွန်း ဆွေးနွေးခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း အစိုးရအနေဖြင့် ဘတ်ဂျက်ကျခံမည်ဆိုသည်ကို ကြားသိရ သည့်အတွက် ဝမ်းသာမိကြောင်း၊ သို့သော် မလိုလားအပ်သည့် ထိခိုက်မှုမရှိစေရန်အတွက် ဦးတည် ဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးခဲ့သည်။ MSG ဥက္ကဋ္ဌကလည်း စက်တင်ဘာလ (၇) ရက်နေ့မတိုင်မီ MOBD နှင့် NCS တို့ အစည်းအဝေး ပြုလုပ်စေချင်ကြောင်း၊ မိမိလည်း တက်မည်ဖြစ်ကြောင်း၊ USAID (Nathan Associates) မှလည်း ပံ့ပိုးပေးနိုင်ခြင်း ရှိ၊ မရှိ၊ သဘောထားမေးမြန်းရန်လိုအပ်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

(၃) USAID (Nathan Associates) မှ တာဝန်ရှိသူကလည်း မိမိအား စကားပြောခွင့်ပေးသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ ဆွေးနွေးသွားသည်များအား နားလည်လက်ခံပါကြောင်း၊ Consultant မှ မေးမြန်းသည့်အခါ Option 1 အား သဘောတူထားသည့်အတွက် ဥက္ကဋ္ဌအနေဖြင့် Option 1 ဖြင့် ဆောင်ရွက်နိုင်ရန် ဆောင်ရွက်နိုင်သည့်အပိုင်းများအား ပြုလုပ်နေသည်ဟု နားလည်ကြောင်း၊ မပြီးသတ်သေးသည့်အပိုင်းများလည်းရှိပြီး ကြားထဲတွင် NCS ကလည်း လွှဲပြောင်းပေးရန်အတွက် စီစဉ်နေသည်ဟုသိရကြောင်း၊ ကိုယ်စားလှယ်များကလည်း လွှဲပြောင်းပေးသည့်အခါ၌ လက်ခံဆောင်ရွက်သည့်အခါတွင် အခက်အခဲများရှိတတ်သည်ဟု ဆွေးနွေးထားကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်၍ National Coordinator နှင့် Informally ဆွေးနွေးဖြစ်ခဲ့ပြီး လိုအပ်ခဲ့ပါက မိမိတို့ဘက်မှ ကူညီပေး၍ ရနိုင်၊ မရနိုင် ကို အကြမ်းပြင်းဆွေးနွေးဖြစ်ခဲ့ကြောင်း၊ ဖွဲ့စည်းပုံဆောင်ရွက်နေသည့်လုပ်ငန်းစဉ်အား စောင့်ကြည့်သည့်အခါ အချိန်မီ မပြီးစီးနိုင်သည်များရှိနိုင်ပြီး အကူးအပြောင်းကာလအတွက် ကြန့်ကြာနိုင်မည်ကို ကိုယ်စားလှယ်များ စိုးရိမ်သကဲ့သို့ စိုးရိမ်သဖြင့် National Coordinator နှင့် ဆွေးနွေးစဉ်က ပြောကြားဖြစ်ခဲ့ကြောင်း၊ ထို့နောက်ပိုင်းတွင် မိမိတို့အဖွဲ့အတွင်း USAID က တာဝန်ရှိသူများနှင့်အဖွဲ့အစည်းအတွင်း ဆွေးနွေးသည့်အခါ၌ ပံ့ပိုးမည့်အလားအလာ (Green Light) ဖြစ်ခဲ့ကြောင်း၊ NCS ၏ ခန့်မှန်း ကုန်ကျစရိတ်ကို မိမိတို့ရရှိကြောင်း၊ တစ်လလျှင် ဒေါ်လာ ၁၅,၀၀၀ ရှိကြောင်း၊ ထို့နောက် အထက်

လူကြီးများအား တင်ပြခဲ့ကြောင်း၊ မိမိတို့အခု ဖြေကြားနိုင်သည်မှာ အဆိုပါပမာဏအရ မိမိတို့အနေဖြင့် သုံးလခန့်ဆိုပါက ပံ့ပိုးနိုင်ဖွယ်ရှိကြောင်း၊ သို့မဟုတ် ၆ လဆိုပါက ပြန်ညှိနှိုင်းရန်လိုအပ်မည်ဖြစ်ကြောင်း၊ ထို့အပြင် စက်တင်ဘာလကုန်ပါက MoU သက်တမ်းကုန်မည် ဖြစ်သဖြင့် MOU ကို Modify လုပ်ရန်လိုအပ်ပါက လိုအပ်နိုင်ကြောင်း၊ Legitimacy ပိုင်း ဆက်လုပ်နိုင်ရန် လူကြီးပိုင်းက ဦးဆောင်ပြီးလုပ်ပေးနိုင်ပါက ပိုပြီးအဆင်ပြေပါမည်ဟု ဆွေးနွေးပြောကြားခဲ့သည်။ လုပ်ငန်းလွှဲပြောင်း စဉ်တွင် MOBD ဘက်ကလည်း မည်သည့်အပိုင်းများ တာဝန်ခွဲယူပြီး တစ်ဖြည်းဖြည်းချင်း လုံးဝတာဝန်ခွဲယူမှုများအား ရေရှည်အတွက် တစ်ပါတည်းပြုလုပ်သွားရန် အရေးကြီးကြောင်း ဖြည့်စွက် ဆွေးနွေးခဲ့သည်။

(၄) MSG ဥက္ကဋ္ဌကလည်း ဆွေးနွေးပေးခဲ့သည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ အကူးအပြောင်းကာလအား ယနေ့ဆွေးနွေးချက်ရရှိမှုအပေါ် မူတည်ပြီး သတ်မှတ်ပေးမည်ဖြစ်ကြောင်း၊ မိမိ အနေဖြင့် ချိတ်ဆက်ပံ့ပိုးပေးမည်ဖြစ်ပြီး MOU ကိုလည်း ပြန်ကြည့်ပြီး အကြောင်းပြန်ပေးမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

(၅) အရပ်ဘက်ကိုယ်စားလှယ်ကလည်း အကယ်၍ NCS အတွက် သုံးလစာတင်မဟုတ်ဘဲ အချိန်ကာလထပ်မံ လိုအပ်ခြင်းများနှင့် ဘတ်ဂျက်အတွက် ပံပိုးနိုင်မှုအပြောင်းအလဲများအား သိရှိလိုပါက အခြေအနေသိရှိရန် မည်မျှကြာနိုင်သည်ကို မေးမြန်းမှုအပေါ် USAID (Nathan Associates) မှ တာဝန်ရှိသူက အချက်အလက်စုံလင်ပါက တုန့်ပြန်မှုအား ၃-၄ ရက်ခန့် ဆိုလျှင် သိနိုင်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။ ထို့နောက် **"New Structure မဖွဲ့စည်းနိုင်မီ NCS အဖြစ် တာဝန်ယူမည့် MOBD သို့ လုပ်ငန်းများ စနစ်တကျ လွှဲပြောင်းနိုင်ရေးနှင့် MEITI လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေး အတွက် NCS ၏ လုပ်ငန်း အကူးအပြောင်းကာလအား (၃) လ သို့မဟုတ် (၆) လဖြင့် ဆောင်ရွက်နိုင်ရန် ဘဏ္ဍာငွေ ပံ့ပိုးနိုင်မှုအခြေအနေများ၊ MOU ဆိုင်ရာ Modify ပြုလုပ်ရန်အတွက် ညှိနှိုင်းဆောင်ရွက်မှုများအား ဆက်လက်ဆောင်ရွက်ရန်"** စသဖြင့် သဘောတူညီခဲ့ကြသည်။

(၆) လွှဲပြောင်းသည့်လုပ်ငန်းစဉ်ကို မည်သည့်အချက်များ၊ မည်သို့စဉ်းစားထားသည်ကို သိရှိလိုကြောင်း၊ ပါသင့်ပါထိုက်သည့်အချက်အလက်များ ကျန်ခဲ့မည် စိုးရိမ်သဖြင့် အကြံပေးနိုင်ရန် ဖြစ်ကြောင်း၊ အရပ်ဘက်ကိုယ်စားလှယ်က တိုက်တွန်းခဲ့ပြီး စီမံကိန်းမန်နေဂျာကလည်း စာရင်းနှင့်တကွ အသေးစိတ်စီစဉ်ထားကြောင်းလည်း တင်ပြခဲ့သည်။ ထို့နောက် **"NCS မှ MOBD မှ ဝန်ထမ်းများသို့ NCS ၏ လုပ်ငန်းလွှဲပြောင်းမှု မပြုလုပ်ပေးမီ ညှိနှိုင်း အစည်းအဝေးအား ၂-၉-၂၀၂၀ ရက်နေ့ နံနက် (၁၀း၀၀) တွင် ပြုလုပ်ရန်"** သဘောတူဆုံးဖြတ်ခဲ့ကြသည်။

(၇) အရပ်ဘက်ကိုယ်စားလှယ် တစ်ဦးကလည်း ယခုကဲ့သို့ အခြေအနေများအား အဓိကစတင်ခဲ့သည်မှာ World Bank က Funding မပေးခြင်းက စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ အစီရင်ခံစာ မြန်မာဘာသာပြန်၍

ပေးမည်ဟု ယခင်က ဆွေးနွေးထားသည့်ကိစ္စ မည်သည့် အနေအထားရှိနေသည်နှင့် NCS ကို စာရင်းစစ်အစီရင်ခံစာ မည်သည့် အချိန်ရမည်ကိုလည်း သိချင်ပါကြောင်း ဆွေးနွေးခဲ့ပြီး ကိုယ်စားလှယ်တစ်ဦးကလည်း အားလုံး၏ သိက္ခာနှင့်သက်ဆိုင်ကြောင်း၊ စုံစမ်း စစ်ဆေးရေးဝင်ပါက ဝင်သည့် အဖြေသိရန် လိုအပ်ကြောင်း စသဖြင့် မေးမြန်းဆွေးနွေးခဲ့သည်။ MSG ဥက္ကဋ္ဌကလည်း ဘာသာပြန်သည့်အနေအထား ပြီးနောက် ဘာသာပြန် အား စာရင်းစစ်ချုပ်ရုံးကို ပို့ထား ကြောင်း၊ စာရင်းစစ်ချုပ်ရုံးက ပြန်ပို့လာပြီးနောက် ကမ္ဘာ့ဘဏ်ကို ပြန်ပို့ ထားကြောင်း၊ ကမ္ဘာ့ဘဏ်၏ သုံးသပ်ချက် ကို မရသေးသဖြင့် အစီရင်ခံစာအား မပို့နိုင်သေးခြင်းဖြစ်ကြောင်း စသဖြင့် ဆွေးနွေးခဲ့သည်။ အရပ်ဘက် ကိုယ်စားလှယ်ကလည်း မြန်မာပြန် ထွက်ထားသည့် စာရင်းစစ်ချုပ်ရုံးအစီရင်ခံစာရပါက အဆင်ပြေပါကြောင်း၊ NCS ၊ MOBD ၊ MSG တို့နှင့် သက်ဆိုင်သည်များကို သိရှိရန်လိုအပ်ကြောင်း ဆွေးနွေးခဲ့မှုအပေါ် အစီရင်ခံစာတစ်ခုလုံးအား မရနိုင်လောက်ကြောင်း၊ စာရင်းစစ်ချုပ်ရုံးကို မေးမြန်း၍ သက်ဆိုင်သည့်အပိုင်းကို MSG သို့ ဖြန့်ဝေနိုင်ရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့ သည်။ ထို့နောက် **"OAG ၏ NCS နှင့်သက်ဆိုင်သော စာရင်းစစ်အစီရင်ခံစာပါ MSG ၊ MOBD ၊ NCS တို့နှင့် သက်ဆိုင်သည့် အကြောင်းအရာများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့်ညှိနှိုင်း၍ MSG သို့ မျှဝေပေးရန်"** သဘောတူညီခဲ့သည်။

(၇) အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း RI က NC ခန့်သည့်ကိစ္စအား တွေ့ရှိရလိုက်ပြီးနောက် အဆိုပါခန့်အပ်မှုအား ဖြန့်ဝေခြင်းမပြုရန်ဆိုပြီး ထပ်မံတွေ့ရလိုက်ကြောင်း၊ ထိုခန့်အပ်မှုသည် အတည်ဖြစ်၊ မဖြစ်သိရှိလိုကြောင်းမေးမြန်းခဲ့သည်။ Leading Committee အတည်ပြုချက်ရပြီးမှ အတည်ပြု၍ ရမည်ဖြစ်ကြောင်း၊ RI အနေဖြင့် ခန့်အပ်မှုအား အဆိုပြုခန့်အပ်ခြင်းသာဖြစ်ကြောင်း MSG ဥက္ကဋ္ဌက ဖြေကြားခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း ထိုသို့ဆိုပါက Leading Committee အတည်ပြုချက်ရပြီးမှ တရားဝင် အကြောင်းကြားပါမည်ဟု နားလည်ရကြောင်း၊ သို့ဖြစ်၍ NC အသစ်သည် တရားဝင် မဟုတ်သေးသည့် အတွက် အစည်းအဝေးတက်ရောက်ခြင်းသည် တရားမဝင်သည်ဟု ယူဆရကြောင်း၊ အရပ်ဘက်ကဏ္ဍမှ လေ့လာသူများကိုလည်း မိမိတို့အနေဖြင့် အစည်းအဝေးတွင် လူများမည်စိုးရိမ်သဖြင့် မတက်ခိုင်း ခဲ့ကြောင်း၊ တရားမဝင်သေးသည့်သူများကို တက်ရောက်စေခြင်းဖြင့် အစည်းအဝေး စည်းပေါက်သည်ဟု မြင်ကြောင်း၊ လိုက်နာကြရန် အဆိုပြုကြောင်း စသဖြင့် တိုက်တွန်း ဆွေးနွေးခဲ့သည်။ ထို့နောက် လေ့လာသူအဖြစ်တက်ရောက်နေသည့်တာဝန်ရှိသူအား အစည်းအဝေးမှ ထွက်ခွာစေခဲ့သည်။

## ၇။ Mining Cadaster Phase II အကောင်အထည်ဖော်မှုများအား တင်ပြခြင်း

(၁) သတ္တုတွင်းဦးစီးဌာနမှ တာဝန်ရှိသူ လက်ထောက်ညွှန်ကြားရေးမှူးက တင်ပြရာ၌ အကြောင်းအရာလေးခုအား အနှစ်ချုပ်တင်ပြလိုကြောင်း၊ ပထမအချက်အနေဖြင့် Mining Cadaster Phase II

Project Timeline ပြောင်းလဲခဲ့ကြောင်း၊ တင်ဒါပါ အချိန်အတိုင်းမဖြစ်ခဲ့ဘဲ Inception Report ၌ ပြောင်းလဲ သွားသည့် Timeline နှင့် အခုလက်ရှိအခြေအနေအရ timeline ပြောင်းလဲမှုများ ရှိခဲ့ကြောင်း၊ ဒီဇိုင်းအစီရင်ခံစာတင်ခြင်း၊ Prototype တည်ဆောက်သည့်အဆင့်နှင့် သင်တန်းပေးခြင်းတို့၌ အချိန်ကာလအပြောင်းအလဲရှိခဲ့ကြောင်း၊ ထို့နောက် ဒုတိယအချက်အနေဖြင့် ၁၅-၇-၂၀၂၀ ရက်နေ့ တွင်ကျင်းပခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်များ ပြန်လည်ဆွေးနွေးတင်ပြလိုကြောင်း၊ (၂၉) ကြိမ် မြောက် MSG အစည်းအဝေးအရ အဆိုပါအစည်းအဝေးအား ကျင်းပခဲ့ခြင်းဖြစ်ပြီး Final Inception Report ကို သဘောတူခဲ့ကြောင်း၊ ၇-၈-၂၀၂၀ ရက်နေ့၌ Mining Cadaster Phase II စိစစ်ရွေးချယ်ရေး (Evaluation Committee)၊ Spatial Dimension တို့ တွေ့ဆုံ၍ လက်ရှိအချိန်ဇယားပါ ရည်ရွယ်ထားသည့် အရည်အသွေးအတိုင်း ရရှိရေးဆောင်ရွက်ရန်နှင့် လိုအပ်ပါက Project Time Extension ပြုလုပ်နိုင်ရေး တွေ့ဆုံရန် နှင့် Mining Cadaster Phase II Work Plan ပြောင်းလဲခြင်း၊ COVID-19 အခြေအနေကြောင့် နိုင်ငံခြားသား ပညာရှင်များ မလာရောက်ခြင်းတို့အတွက် (၅) ပွင့်ဆိုင် တွေ့ဆုံညှိနှိုင်းရန် ဆုံးဖြတ်ခဲ့ကြောင်း၊

(၂) ထို့နောက် ၁၉-၈-၂၀၂၀ ရက်နေ့တွင်ကျင်းပခဲ့သည့် (၅) ပွင့်ဆိုင်အစည်းအဝေး၌ Spatial Dimension မှ Design Report အား ဆောလျင်စွာ တင်ပြရန် အစီရင်ခံစာ တင်ပြပြီးနောက် တစ်ပတ်အတွင်း အစီရင်ခံစာပါအချက်များရှင်းလင်းတင်ပြပေးရန်၊ Design Report အား စက်တင်ဘာလကုန် မတိုင်မီ အတည်ပြုနိုင်ပါက Develop, Prototype and Configure Report အား စက်တင်ဘာလကုန်တွင် Consultant ကတင်ပြရန်၊ Mining Cadasterအတွက် လိုအပ်သည့် Server ဝယ်ယူရန် US$ 27410 ခန့် သဘောတူကြောင်း၊ MEITI Budget MDTF ၃.၅ သန်း၏ Work Plan တွင် လျာထားခဲ့ခြင်းမရှိသည့်အတွက် လိုအပ်သည့် ကုန်ကျစရိတ်အား ရှာဖွေနိုင်ရန်အတွက် အနီးစပ်ဆုံး MSG အစည်းအဝေး (သို့မဟုတ်) Donor Consultation Group အစည်းအဝေးတွင် ဆွေးနွေးတင်ပြရန်၊ Server ဝယ်ယူရန် အခြားနည်းလမ်းမှရရှိနိုင်ရေး World Bank Team Leader ထံသို့ မေးမြန်း ပေးရန်၊ Mining Cadaster Phase II စီမံကိန်းအချိန်ကာလတိုးမြှင့်ရရှိစေရေး ကမ္ဘာ့ဘဏ် Team Leader ထံသို့ စာဖြင့် ကြိုတင်မေးမြန်းရန် စသဖြင့် ဆုံးဖြတ်ခဲ့ကြောင်း၊

(၃) နောက်ဆုံးအချက်အနေဖြင့် Final Inception Report အား ကော်မတီ(၂)ရပ်နှင့် တက်ရောက်ခဲ့သည့် ကဏ္ဍအသီးသီးမှ ကိုယ်စားလှယ်များက သဘောတူကြောင်းဆုံးဖြတ်ခဲ့မှုအား ယခုအစည်းအဝေးမှ မှတ်တမ်းတင်ပေးရန်၊ Mining Cadaster Phase II စီမံကိန်းအချိန်ကာလတိုးမြှင့်ရရှိစေရေး ယခုအစည်းအဝေးမှ သဘောထားမှတ်ချက်ပေးရန်နှင့် သက်တမ်းတိုးဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ကမ္ဘာ့ဘဏ်နှင့် ညှိနှိုင်းခွင့်ပြုရန်၊ Mining Cadaster တွင် အသုံးပြုရန် လိုအပ်သည့် Server ဝယ်ယူရေး ဆုံးဖြတ်အတည်ပြုပေးရန်၊ Design Report မူကြမ်းအား ၂၆-၈-၂၀၂၀ ရက်စွဲပါစာဖြင့် ၂၇-၈-၂၀၂၀ ရက်နေ့တွင်ပေးပို့လာသဖြင့် အစီရင်ခံစာပါ အချက်များကို ကော်မတီ (၂) ရပ်မှ ဆွေးနွေး ဆုံးဖြတ်ခွင့်ပြုရန် စသဖြင့် တင်ပြခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း Mining Cadaster နှင့်ပတ်သက်

၍ Server ဝယ်ယူရန်သည် လုံခြုံရေးကိစ္စသည် အရေးကြီးကြောင်း၊ လုံခြုံရေးကိစ္စအား ထည့်သွင်းစဉ်းစားသည့်အခါ ဘတ်ဂျက် လိုအပ်ပါကြောင်း၊ အဆိုပါ Server ဝယ်ယူနိုင်ရေးအတွက် ဘတ်ဂျက်ကိစ္စများနှင့် ညှိနှိုင်းရမှုများအတွက် MSG ဥက္ကဋ္ဌ တို့မှ ပါဝင် ဦးဆောင်ပြီးညှိနှိုင်းပေးပါရန်လည်း မေတ္တာရပ်ခံတင်ပြခဲ့သည်။ MSG ဒုတိယဥက္ကဋ္ဌကလည်း မိမိတို့အနေဖြင့် တိုးတက်မှုအခြေအနေများအား MSG ကိုတင်ပြခြင်း ဖြစ်ကြောင်း၊ အသေးစိတ်များအား အကြိမ်ကြိမ်ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ လိုအပ်သည့် ဆုံးဖြတ်ချက်များ ချပေးစေလို ကြောင်း ဆွေးနွေးခဲ့သည်။ ထို့နောက် MSG ဥက္ကဋ္ဌက မိမိအနေဖြင့် Server ဝယ်ယူရန်ကိစ္စ၊ Server အတွက် လိုအပ်သည့် ရန်ပုံငွေ ရှာဖွေရန်ကိစ္စများအတွက် လိုအပ်သည့် ချိတ်ဆက်မှုများအတွက် ဦးဆောင်ညှိနှိုင်းပေးနိုင်ကြောင်း တင်ပြခဲ့သည့်အချက်များကိုလည်း သဘောတူကြောင်း ဆွေးနွေးခဲ့သည်။

(၄) Mining Cadaster Phase II လုပ်ငန်းစဉ်အကောင်အထည်ဖော်မှု နှင့်ပတ်သက်၍ တင်ပြခဲ့သည့် အချက်များဖြစ်သည့် **"Final Inception Report အား ကော်မတီ(၂)ရပ်နှင့် တက်ရောက်ခဲ့သည့် ကဏ္ဍအသီးသီးမှ ကိုယ်စားလှယ်များက သဘောတူကြောင်းဆုံးဖြတ်ခဲ့မှုအား မှတ်တမ်းတင်ရန်ကိစ္စ၊ Mining Cadaster Phase II စီမံကိန်းအချိန်ကာလ တိုးမြှင့်ရရှိစေရေး သက်တမ်းတိုး ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ကမ္ဘာ့ဘဏ်နှင့် ညှိနှိုင်းခွင့်ပြုရန်ကိစ္စ၊ Mining Cadaster တွင် အသုံးပြုရန် လိုအပ်သည့် Server ဝယ်ယူရေးကိစ္စ၊ Design Report မူကြမ်းအား ၂၆-၈-၂၀၂၀ရက်စွဲပါစာဖြင့် ၂၇-၈-၂၀၂၀ ရက်နေ့တွင်ပေးပို့လာသဖြင့် အစီရင်ခံစာပါ အချက်များကို ကော်မတီ (၂) ရပ်မှ ဆွေးနွေးဆုံးဖြတ် ခွင့်ပြုရန်ကိစ္စ"** တို့အား သဘောတူခဲ့ကြသည်။ ထို့အပြင် **"Mining Cadaster တွင် Data များအတွက် အသုံးပြုရန် Server ဝယ်ယူနိုင်ရေးကိစ္စအတွက် MOPFI မှ ဦးဆောင်၍ ကမ္ဘာ့ဘဏ်၏ သီးခြားပံ့ပိုးမှုမှ ရရှိရန်သော်လည်းကောင်း၊ နိုင်ငံတော်ဘတ်ဂျက် မှသော်လည်းကောင်း၊ Donor Consultation Group အစည်းအဝေးကျင်းပ၍ သော်လည်းကောင်း ရန်ပုံငွေရှာဖွေရန်"** အချက်ကိုလည်း သဘောတူညီခဲ့ကြသည်။

**၈။ Beneficial Ownership and Contract Transparency Legal Review Consultant REOI ခေါ်ယူထားမှု နှင့်ပတ်သက်၍ တင်ပြခြင်း**

Beneficial Ownership Coordinator က လျှောက်ထားလာသည့် Consultant များ၏ အခြေအနေအကျဉ်းချုပ်အား တင်ပြခဲ့ရာတွင် ပထမအဖွဲ့သည် Stephenson Harwood, GovRisk, Engaged and Michael Barron ဖြစ်ပြီး ၎င်းအဖွဲ့အနေဖြင့် EITI အတွေ့အကြုံရှိပြီး report များအား အချိန်မီပေးနိုင်မည် ဟုဖော်ပြထားကြောင်း၊ ဘတ်ဂျက်အား ဒေါ်လာ ၅၇,၇၃၀ ဟု တင်ပြထားကြောင်း၊ အချိန်အားဖြင့် (၁၂) ပတ်ခန့် (၃ လ) ယူမည်ဟု ဖော်ပြထားကြောင်း၊ အဇာဘိုင်ချန်နိုင်ငံတွင် BO

နှင့်ပတ်သက်ပြီး အတွေ့အကြုံရှိပြီး မြန်မာနိုင်ငံ၌ ဗဟိုဘဏ်၊ FIU တို့နှင့် ဆောင်ရွက်နေသည့်စီမံကိန်းများရှိကြောင်း၊ နောက်အဖွဲ့ဖြစ်သည့် DFDL အနေဖြင့် EITI အတွေ့အကြုံမရှိကြောင်း၊ လုပ်ငန်းများအား အချိန်မီ ပြီးစီး နိုင်သည်ဟု ဖော်ပြထားကြောင်း၊ ဒေါ်လာ ၃၄၅၀၀၀- ၄၁၀၀၀၀ ဟု ဖော်ပြထားကြောင်း၊ အချိန်အား ဖြင့်လည်း (၃) လကြာမည်ဟု ဖော်ပြထားကြောင်း၊ ထို့အပြင် တစ်ဦးချင်းအနေဖြင့် ဦးအောင်မျိုးသိမ်း၊ ဦးကျော်သိမ်း၊ Mr. Cung Lai Oo တို့မှလည်း လျှောက်ထားကြပြီး အသေးစိတ်အဆိုပြုချက်များ ပါရှိမထားဘဲ လျှောက်ထားသူ ဦးကျော်သိမ်းမှ တစ်နေ့လျှင် ဒေါ်လာ ၅၀၀ ဟုသာ ဖော်ပြထားကြောင်း စသဖြင့် တင်ပြခဲ့သည်။

## ၉။ ဒုတိယအကြိမ် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်ကောက်ယူခြင်းလုပ်ငန်း အစီအစဉ်နှင့်ပတ်သက်၍ တင်ပြခြင်း

(၁) Beneficial Ownership Coordinator က ဆက်လက်တင်ပြခဲ့ရာတွင် စက်တင်ဘာလ (၄) ရက်နေ့၌ BO Task Force Meeting ကျင်းပ၍ Digital dots မှ ပြင်ဆင်ထားသည့် BO Website ဒီဇိုင်း မူကြမ်းအား တင်ပြမည်ဖြစ်ကြောင်း၊ စက်တင်ဘာလ (၇-၂၅) ရက်နေ့အထိ website အား စမ်းသပ်သုံးစွဲခြင်းနှင့် Blog fixing ပြုလုပ်ခြင်းအား သက်ဆိုင်ရာဌာနများ၊ အရပ်ဖက်အဖွဲ့အစည်း များနှင့်ကုမ္ပဏီများ၊ ပညာရှင်များ ပါဝင်၍ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စက်တင်ဘာလ (၇-၁၈) ရက်နေ့အတွင်း (၅) ကြိမ်မြောက် အစီရင်ခံစာပါ ကုမ္ပဏီများ၏ အချက်အလက် များအား ဝက်ဘ်ဆိုဒ်တွင် ထည့်သွင်းနိုင်ရန်အတွက် BO Coordination team နှင့် DICA တို့ပါဝင်၍ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စက်တင်ဘာလ (၂၁-၂၅) ရက်နေ့အတွင်း BO ဆိုင်ရာ အသိပညာပေးအစီအစဉ်များအား အွန်လိုင်းမှတဆင့် ပြုလုပ်ခြင်းအား BO Task Force က ဦးဆောင်၍ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ Website အား Launch မလုပ်မီ BO Task Force အစည်းအဝေးတစ်ကြိမ် ပြုလုပ်မည်ဖြစ်ပြီး စက်တင်ဘာလ (၂၈-၂၉) ရက်နေ့ ဝန်းကျင် လျာထားကြောင်း၊ အချက်အလက်ကောက်ယူခြင်း အစီအစဉ်အတွက် လိုက်အပ်သည်များ ပြင်ဆင်ခြင်း အား အောက်တိုဘာလ ပထမအပတ် အတွင်း လျာထားကြောင်း၊ template ဖြည့်သွင်းရန် အတွက် ကုမ္ပဏီများနှင့်အစိုးရဌာန၊ အဖွဲ့အစည်းများအား သင်တန်းပေးခြင်းအား ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် ပြုလုပ်ရန်၊ အချက်အလက် ကောက်ယူခြင်းအစီအစဉ်များအတွက် အောက်တို ဘာလအတွင်း ဆောင်ရွက်ရန် လျာထားကြောင်း၊ Walk-in Sessions ကိုလည်း နိုဝင်ဘာလ ပထမအပတ် တွင် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် ပြုလုပ်ရန်၊ ကောက်ယူပြီးအချက်အလက် များအား Brief analysis ပြုလုပ်၍ MSG နှင့် BO Task Force ထံသို့ တင်ပြရန်အား နိုဝင်ဘာလအတွင်းတွင်လည်းကောင်း၊ ကျန်ရှိနေသေးသည့်ကုမ္ပဏီများနှင့်

ဆက်သွယ်နိုင်ရန် ချိတ်ဆက်ဆောင်ရွက်ခြင်းကိုလည်း နိုဝင်ဘာလအတွင်းတွင် လည်းကောင်း လျာထားကြောင်း၊ ဒီဇင်ဘာလအတွင်း၌ Website ပေါ်တွင် ထုတ်ပြန်ကြေညာနိုင်ရန် လိုအပ်သည်များ ပြင်ဆင်ခြင်းနှင့် အချက်အလက်များအား ထုတ်ပြန်ကြေညာ ခြင်းများ ပြုလုပ်နိုင်ရန် လျာထားကြောင်း တင်ပြခဲ့သည်။

(၂) အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း BO လုပ်ငန်းစဉ်သည် အရေးကြီးသည့်အတွက် လုပ်ငန်း လွှဲပြောင်းသည့်အခါ မကျန်ခဲ့စေရန်အတွက် MOBD နှင့်တွေ့ဆုံဆွေးနွေးစဉ် သေချာဆွေးနွေးစေလိုကြောင်း၊ တွေ့ဆုံပြီး အခြေအနေများကိုလည်း မျှဝေပေးစေချင်ကြောင်း ဆွေးနွေးခဲ့သည်။ စီမံကိန်းမန်နေဂျာကလည်း MOBD အနေဖြင့် BO Meeting ရှိသည့်အခါ လာရောက်ပူးပေါင်းနိုင်ရန် မျှော်လင့်ကြောင်း၊ USAID (Nathan Associates ၊ DICA နှင့် CSO များ စသည်တို့သည်လည်း ရန်ကုန်တွင် ရုံးစိုက်ကြသည့်အတွက် BO အစည်းအဝေးများအား ရန်ကုန်တွင် ကျင်းပသည့်အခါတွင်လည်း ၎င်းတို့အနေဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် တက်ရောက်ပူးပေါင်းနိုင်ပါက ပိုအဆင်ပြေမည်ဟု ထင်မြင်ကြောင်း အကြံပြုခဲ့သည်။ MOBD က တာဝန်ရှိသူကလည်း တာဝန်ပေးခံထားသည့်ဝန်ထမ်းအနေဖြင့် တကယ်ဆောင်ရွက်သည့်အခါ၌ ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကြိုတင်အစည်းအဝေးများတွင်လည်း Focal Person အား မိတ်ဆက် ပေးနိုင်မည်ဟု မျှော်လင့်ကြောင်း တင်ပြခဲ့သည်။ ထို့နောက် **“BO လုပ်ငန်းစဉ်နှင့်ပတ်သက်၍ လွှဲပြောင်းရန်ကိစ္စ အသေးစိတ်များအား ၂-၉-၂၀၂၀ ရက်နေ့တွင် ပြုလုပ်မည့် NCS နှင့် MOBD တို့အစည်းအဝေးတွင် ဆွေးနွေးပြီးနောက် MSG သို့ ပြန်လည်မျှဝေပေးရန်”** ဆုံးဖြတ်ခဲ့သည်။

(၃) အရပ်ဘက်ကိုယ်စားလှယ်ကလည်း BO လုပ်ငန်းစဉ်နှင့်ပတ်သက်၍ စံနှုန်းအရ ဆောင်ရွက်နိုင်ရန်အတွက် သမ္မတရုံးအမိန့်ကြော်ငြာစာနှင့် အောင်မြင်အောင်ဆောင်ရွက်ခဲ့ကြောင်း၊ နောက်ပိုင်းတွင် လိုင်စင်လျှောက်ထားစဉ်ကတည်းက BO ဖော်ပြရန်အတွက် ဥပဒေ၊ ညွှန်ကြားချက်များတွင် စီစဉ်ထည့်သွင်း၍ ဆောင်ရွက်နိုင်ရန် တိုက်တွန်းပါကြောင်း၊ အစီရင်ခံစာများတွင်လည်း အကြံပြုထားကြောင်း၊ သက်ဆိုင်ရာဌာနများ၏ ကိုယ်စားလှယ်တော်များမှ ဆွေးနွေးပေးစေချင်ကြောင်းလည်း တင်ပြခဲ့သည်။ အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း BO Task Force member မှတင်ပြနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ဌာန၏ BO ကိုယ်စားလှယ်နှင့် မေးမြန်း၍ ဆောင်ရွက်နိုင်မှုများအား ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင် ကိုယ်စားလှယ် တစ်ဦးကလည်း လတ်တလောတွင် အစိုးရဌာန၏ စီစဉ်မှုကို မသိရသေးသဖြင့် ဆွေးနွေးရန် မရှိသေးကြောင်း လည်း ပြောကြားခဲ့သည်။

(၄) Contract Transparency နှင့် ပတ်သက်၍ ညှိနှိုင်းအစည်းအဝေး၏ ဆုံးဖြတ်ချက်အတိုင်း သမ္မတရုံးထံ တင်ပြမည့်စာကြမ်းအား MSG သို့တင်ပြခဲ့ကြောင်း၊ MSG ထံမှ ကန့်ကွက်ရန်မရှိကြောင်း သဘောထား မှတ်ချက်ရခဲ့ကြောင်း၊ သို့သော် MOBD ထံမှ ဥက္ကဋ္ဌ၏ မှတ်ချက်ရှိသဖြင့် ပြန်လည်မျှဝေထားကြောင်းနှင့် မည်ကဲ့သို့ဆောင်ရွက်သင့်သည်ကို လမ်းညွှန်ဆွေးနွေးစေလိုကြောင်း စီမံကိန်း

မန်နေဂျာက တင်ပြခဲ့သည်။ MSG ဥက္ကဋ္ဌကလည်း Contract Transparency အမိန့်ကြော်ငြာစာနှင့်စပ်လျဉ်း၍ သဘောထား ကွဲလွဲနေသည့်ကိစ္စကို သိရှိကြောင်း၊ ဦးဆောင်ကော်မတီ၊ ပြည်ထောင်စုဝန်ကြီးတို့ထံ တင်ပြရမည်ဟု မှတ်ချက် ပေးထားကြောင်း၊ မိမိတို့သက်ဆိုင်ရာ Stakeholder များက သဘောထားမပြည့်စုံခြင်း၊ ကွဲလွဲခြင်းများဖြင့် ဆောင်ရွက်ပါက လုပ်ထုံးလုပ်နည်းအတိုင်း အဆင့်ဆင့်ဆောင်ရွက်သည့်အခါ ပိုမိုနှောင့်နှေးကြန့်ကြာနိုင်သဖြင့် ထိုကဲ့သို့မှတ်ချက်ပြုရခြင်းဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း သမ္မတရုံးအမိန့်ကြော်ငြာစာနှင့်စပ်လျဉ်း၍ Beneficial Ownership လုပ်ငန်းစဉ်တွင် ဆောင်ရွက်ခဲ့သည့်ပုံစံမျိုးဖြင့် အစိုးရရုံးတွင်းလုပ်ထုံးလုပ်နည်း၊ လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ပါက အဆင်ပြေပါကြောင်းလည်း ဆွေးနွေးခဲ့သည်။ ထို့နောက် **"Contract Transparency သမ္မတရုံးအမိန့်စာနှင့်ပတ်သက်၍ MOBD မှ BO Notification ထွက်ရှိခဲ့သည့် လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ရန်"** သဘောတူဆုံးဖြတ်ခဲ့သည်။

**၁၀။ Project Definition ကိုတင်ပြရန်နှင့် ရှေ့လုပ်ငန်းစဥ်များအား တင်ပြခြင်း**

(၁) စီမံကိန်းမန်နေဂျာကတင်ပြရာ၌ Project Level Reporting လုပ်ငန်းစဉ်အတွက် ပထမအဆင့်ဖြစ်သည့် Project Definition သတ်မှတ်ရန်အတွက် နည်းပညာနှင့်အစီရင်ခံစာ လုပ်ငန်းခွဲကော်မတီအစည်းအဝေးတွင် အသေးစိတ် ဆွေးနွေးခဲ့ကြကြောင်း၊ ပြီးခဲ့သည့် ၂၆-၈-၂၀၂၀ ရက်နေ့၌ သက်ဆိုင်ရာဌာနဆိုင်ရာများပါဝင်၍ အစည်းအဝေးကျင်းပခဲ့ကြောင်း၊ International Secretariat ၏ စံနှုန်းအရ အဆိုပြုသည့် အဓိပ္ပာယ်နှင့် မြန်မာနိုင်ငံအတွက် ကိုက်ညီမည့် ဖွင့်ဆိုချက်အား အဓိပ္ပာယ်သတ်မှတ်နိုင်ခဲ့ကြောင်း တင်ပြခဲ့သည်။ ထို့နောက် ကိုယ်စားလှယ်များက Project Definition အပေါ် သဘောတူ၊ မတူ မှတ်ချက်ပြုခဲ့ရာတွင် ကန့်ကွက်မှုမရှိဘဲ သဘောတူခဲ့ကြသဖြင့် စီမံကိန်းအဓိပ္ပာယ် (Project Definition) အား ဆွေးနွေး တင်ပြသည့် အောက်ပါဖွင့်ဆိုချက်အတိုင်း သဘောတူခဲ့ကြသည် -

*"တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာအစိုးရဌာန (လိုင်စင် ထုတ်ပေးသောဌာန (သို့) စာချုပ်ချုပ်ဆိုသောဌာန) အသီးသီးမှ ခွင့်ပြုပေးသော အမည်နာမအမျိုးမျိုးဖြင့် ချုပ်ဆိုထားသည့် ခွင့်ပြုမိန့်တစ်ခုချင်းစီ၊ စာချုပ်တစ်ခုချင်းစီ၊ လိုင်စင်၊ အငှားစာချုပ်၊ လုပ်ဆောင်ခွင့် သို့မဟုတ် အလားတူ ဥပဒေဆိုင်ရာ သဘောတူညီချက်တစ်ခုဖြင့် ထိန်းကျောင်းအပ်သော လုပ်ငန်းလည်ပတ် ဆောင်ရွက်ခြင်းများဖြစ်ပြီး အစိုးရနှင့် ပေးချေရန်တာဝန်ရှိမှုကို ဖြစ်ပေါ်စေသောအရာ"*

(၂) နည်းပညာညှိနှိုင်းရေးတာဝန်ခံက Project Level Reporting နှင့်စပ်လျဉ်း၍ လုပ်ငန်းအဆင့် (၄) ခုအား ရှင်းလင်းတင်ပြရာ၌ အဓိကအားဖြင့် အဆင့် (၁) သည် "Project" ၏ အနက် အဓိပ္ပါယ်အောက်တွင် ဥပဒေဆိုင်ရာ သဘောတူညီချက်များအား ခွဲခြားဖော်ထုတ်ခြင်းဖြစ်ပြီး အဆိုပါအဆင့်၌ နိုင်ငံအတွင်းရှိ သယံဇာတတူးဖော်ထုတ်လုပ်ရေး ဆောင်ရွက်ချက်များကို မည်သို့သော ဥပဒေပြဋ္ဌာန်းချက်များဖြင့် ထိန်းချုပ်ဆောင်ရွက်မှု၊ သိသာထင်ရှားစွာ ပတ်သတ်ဆက်နွယ်နေသော ဥပဒေအရ သဘော

တူညီချက်များ ရှိ၊ မရှိ နှင့် သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကို မှတ်တမ်းတင်ခြင်း လုပ်ငန်းစဉ်များပါဝင်ကြောင်း၊ အဆင့် (၂) သည် မည်သို့သော Revenue Streams မျိုးသည် သက်ဆိုင်ရာ Project အောက်တွင် အစီရင်ခံသင့်ကြောင်း ခွဲခြားဖော်ထုတ်ခြင်း ဖြစ်ပြီး သယံဇာတ တူးဖော်ထုတ်လုပ်ရေး တွင် ပေးချေရသည့် ပေးချေရမှုများအနက် မည်သည်တို့က Project အလိုက် ပေးချေရမည်၊ မည်သည် တို့က ကုမ္ပဏီအလိုက်ပေးချေရမည်ဟု ပြဋ္ဌာန်းထားမှုများရှိ၊ မရှိ၊ Project အလိုက် ပေးချေရမှုများကို ထုတ်ဖော်ရန်အတွက် မည်သို့သော အခက်အခဲ၊ စိန်ခေါ်မှုများရှိနေပြီး အခွန် ဘဏ္ဍာများကို မည်သို့ အစီရင်ခံရမည်ဆိုသော တွေ့ရှိချက်များအတွက် မှတ်တမ်းတင်ခြင်း ဖြစ်ကြောင်း၊ အဆင့် (၃) သည် မည်သူက မည်သည်ကို အစီရင်ခံသင့်ကြောင်း ခွဲခြားဖော်ထုတ်ခြင်း ဖြစ်ပြီး နိုင်ငံတွင်းတွင် ကုမ္ပဏီများ/လူပုဂ္ဂိုလ်များပါဝင်သည့် Project များရှိ၊ မရှိ နှင့် ရှိပါက မည်သူက အစိုးရထံသို့ ပေးချေမှုများကို ပြုလုပ်နေသနည်း၊ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ နိုင်ငံတွင် ရှိ၊ မရှိ နှင့် ရှိပါက ၎င်းတို့သည် မည်သို့သော အခန်းကဏ္ဍတွင် ပါဝင်ပတ်သတ်ပြီး ပေးချေမှုများနှင့် လက်ခံရရှိမှုများကို မည်ကဲ့သို့ ခွဲခြမ်းစိတ်ဖြာမှုများ ပြုလုပ်နေသည် စသည့် လုပ်ငန်းများဖြစ်ကြောင်း၊ အဆင့် (၄) သည် Reporting Framework များနှင့် Templates များအပေါ်တွင် သဘောတူညီကြခြင်းဖြစ်ပြီး Project ၏ အနက်အဓိပ္ပါယ်ကို MSG များမှနေ၍ အဆင့် (၁) ပါဖော်ပြချက်အတိုင်း လုပ်ဆောင်ပြီးနောက် အဆင့်(၂) တွင်ဖော်ပြထားခဲ့သည့် Project အလိုက်ပေးချေရမည့် ပေးချေရမှုများကို ခွဲခြမ်းစိတ်ဖြာခြင်း စသည် တို့ကို ကနဦးအနေဖြင့် လုပ်ဆောင်ရန်လိုအပ်ပြီး အထက်ဖော်ပြပါတို့ကို လုပ်ဆောင်ပြီးသည့်နောက် MSG သည် ရလဒ်ကို ထင်ဟပ်စေမည့် Reporting Template များအပေါ် သဘောတူညီမှုများ ရယူ ပြီးသည်နှင့် တစ်ပြိုင်နက် စတင်ပြင်ဆင်ရန်လိုအပ်ကြောင်းဟု ဆောင်ရွက်ရန် အဆင့် (၄) ဆင့်အား တင်ပြခဲ့သည်။

## ၁၁။ Quasi-Fiscal Expenditures Study REOI နှင့် Systematic Disclosure Feasibility Study REOI ခေါ်ယူထားမှုနှင့် ပတ်သက်၍ တင်ပြခြင်း

(၁) နည်းပညာညှိနှိုင်းရေးတာဝန်ခံက တင်ပြရာ၌ Quasi-Fiscal Expenditures Study Consultant ငှားရမ်းရန် အတွက် ToR များအား နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီထံမှ သဘောတူညီမှု ရခဲ့ပြီးနောက် REOI အား ၄-၈-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ ခေါ်ယူခဲ့ရာတွင် အဖွဲ့နှင့်တစ်ဦးချင်း ပညာရှင် (၃) ခုမှ လျှောက်ထားလာကြောင်း၊ အဆိုပါလျှောက်လွှာများကို အကဲဖြတ်ရွေးချယ်ရန်အတွက် Evaluation Sheet များနှင့်အတူ နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီသို့ ဖြန့်ဝေထားကြောင်း တင်ပြခဲ့သည်။ ထို့နောက် Systematic Disclosure Study အတွက်လည်း ၂၅-၈-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ REOI ခေါ်ဆိုထားခဲ့ပြီး လျှောက်ထားသည့်အဖွဲ့နှင့်တစ်ဦးချင်းပညာရှင် (၃) ခု ရှိကြောင်း၊ လျှောက်ထားမှုများအား စိစစ်ရွေးချယ်ရန်အတွက် ပံ့ပိုးကူညီသည့် Nathan Associates (USAID-TIGA) နှင့်လည်း ၎င်းတို့၏ Procurement အရ မည်ကဲ့သို့ ဆောင်ရွက်သွားမည်ကို ညှိနှိုင်းသွားရန်ရှိကြောင်း စသဖြင့် တင်ပြခဲ့သည်။ ထို့နောက် **"Systematic Disclosure Feasibility**

**Study Consultant ငှားရမ်းခြင်း ကိစ္စရပ်အသေးစိတ်များအား နည်းပညာနှင့်အစီရင်ခံစာ လုပ်ငန်းခွဲကော်မတီတွင် အသေးစိတ် ဆက်လက် ဆွေးနွေးရန်”** ဆုံးဖြတ်ပေးခဲ့ကြသည်။

(၂) Quasi-Fiscal Expenditures Study Consultant ငှားရမ်းနိုင်ရန်နှင့်ပတ်သက်၍ စီမံကိန်းမန်နေဂျာက လက်ခံရရှိလာသည့် လျှောက်လွှာများအပေါ် အမှတ်ပေးအကဲဖြတ်နိုင်ရန် Scoresheet များ ပေးပို့ရန် ညှိနှိုင်းတင်ပြခဲ့ရာ “QFE Study Consultant အတွက် Application များအပေါ် နည်းပညာနှင့် အစီရင်ခံစာလုပ်ငန်းခွဲကော်မတီမှ သက်ဆိုင်ရာ ကဏ္ဍအလိုက် ကိုယ်စားလှယ်များက Score Sheet များအား ဖြည့်သွင်း၍ ၃၁-၈-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးသို့ ပြန်လည်ပေးပို့ရန်” ဟု သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

**၁၂။ (၆) ကြိမ်မြောက် MEITI Summary Data Report ပြုစုရန် Statistician ခေါ်ယူထားမှု၊ (၆) ကြိမ်မြောက်နှင့် (၇) ကြိမ်မြောက် အစီရင်ခံစာ ပြုစုရန် အစီရင်ခံစာပြုစုသူ (IA) ၏ TOR (မူကြမ်း) အား အတည်ပြုရန်တို့နှင့် ပတ်သက်၍ တင်ပြခြင်း**

(၁) နည်းပညာညှိနှိုင်းရေးတာဝန်ခံက တင်ပြရာ၌ (၆) ကြိမ် မြောက်နှင့် (၇) ကြိမ်မြောက် MEITI အစီရင်ခံစာ ပြုစုရန် IA ၏ ToR မူကြမ်းအား နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီအစည်းအဝေးတွင် အသေးစိတ်ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ MSG သို့ ဖြန့်ဝေ၍ သဘောထားမှတ်ချက် တောင်းခံခဲ့ရာတွင် ကန့်ကွက်သူမရှိခဲ့ကြောင်း၊ သို့သော် International Secretariat မှ သဘောထားမှတ်ချက်များ အချက် (၂၀) ခု ပေးပို့လာသဖြင့် International Secretariat နှင့် ဆွေးနွေး၍ ပြန်လည်မျှဝေ ပေးသွားမည် ဖြစ်ကြောင်းနှင့် ယင်းအပတ်အတွင်း အတည်ပြုပေးနိုင်ရန် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တင်ပြခဲ့သည်။ ထို့နောက် **“(၆) ကြိမ်မြောက်နှင့် (၇) ကြိမ်မြောက် MEITI အစီရင်ခံစာ ပြုစုရန် IA ၏ ToR မူကြမ်း အပေါ် နိုင်ငံတကာ EITI အတွင်းရေးမှူးရုံး၏ မှတ်ချက် အပေါ်ပြန်လည်ဆွေးနွေး၍ တစ်ပတ်အတွင်း MSG သို့ ပေးပို့၍ အတည်ပြုချက်ရယူရန်”** ဆုံးဖြတ်ခဲ့သည်။

(၂) ဆက်လက်၍ နည်းပညာညှိနှိုင်းရေးတာဝန်ခံက Commodity Trading Report ၏ အချိန်ဇယားနှင့်ပတ်သက်၍ ပြီးခဲ့သည့် (၃၀) ရက်နေ့တွင် IA-BDO အဖွဲ့က စာချုပ်ပြင်ဆင်ပြီးနောက် ပြင်ဆင်ထားသည်အချိန်ဇယား Timeline အား ပြင်ဆင်ပေးပို့လာကြောင်း၊ အချိန်ဇယားအရ အစီရင်ခံစာမူကြမ်းအား ဩဂုတ်လ (၃၁) ရက်နေ့တွင် ထွက်ရှိမည်ဖြစ် ကြောင်း၊ စက်တင်ဘာလ (၁) ရက် မှ (၉) ရက်နေ့အတွင်း သက်ဆိုင်ရာ MSG နှင့်လုပ်ငန်းခွဲ ကော်မတီများထံမှ သဘောထား မှတ်ချက် တောင်းခံမည်ဖြစ်ကြောင်း၊ စက်တင်ဘာလ (၁၁) ရက်မှ (၁၈) ရက်နေ့အတွင်း မှတ်ချက်များအား ပြုပြင်

ဆောင်ရွက်ပြီးနောက် စက်တင်ဘာလ (၁၈) ရက်နေ့တွင် အပြီးသတ်အစီရင်ခံစာထွက်ရှိမည်ဟု ပါရှိကြောင်း စသဖြင့် တင်ပြခဲ့သည်။

(၃) (၆) ကြိမ်မြောက် Summary Data Report အတွက် လုပ်ငန်းလမ်းညွှန်အား မည်သည့်အခြေအနေသို့ ရောက်ရှိနေသည်ကို MOBD မှ တင်ပြရာ၌ MSG မှ အတည်ပြုထားသည့် ToR အား ကမ္ဘာ့ဘဏ်သို့ ပေးပို့၍ No Objection Letter (NOL) ရရန် ဆောင်ရွက်နေကြောင်း၊ NOL ရရန် Follow Up ပြုလုပ်နေပါကြောင်း၊ ယခုတစ်ပတ်အတွင်းတွင် သက်ဆိုင်ရာဝက်ဘ်ဆိုဒ်များမှ ကြော်ငြာနိုင်ရန် မျှော်လင့်ပါကြောင်း၊ TOR အရ ဆိုပါက Consultant သည် မြန်မာနိုင်ငံသား (National) နှင့် တစ်ဦးချင်း (Individual) ဖြစ်မည်ဖြစ် ကြောင်း၊ NOL ရလျှင် ကြော်ငြာနိုင်မည်ဖြစ်ကြောင်းလည်း တင်ပြခဲ့သည်။

(၄) နည်းပညာညှိနှိုင်းရေးတာဝန်ခံက တင်ပြရာ၌ 6th Summary Data Report အတွက် ပြီးခဲ့သည့် ၅-၈-၂၀၂၀ ရက်နေ့၌ ကျင်းပခဲ့သည့် နည်းပညာနှင့်အစီရင်ခံစာအစည်းအဝေး၌ ဒေတာကောက်ယူရန် ဆွေးနွေးထားသည့်အတိုင်း သက်ဆိုင် ရာ အစိုးရဌာနများနှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား Template များ ပေးပို့ထားခဲ့ပြီး ဖြစ်ကြောင်း၊ ဌာန (၄) ခုဖြစ်သည့် ဘူမိဗေဒလေ့လာရေးနှင့် ဓါတ်သတ္တုရှာဖွေရေး ဦးစီးဌာန (DGSE)၊ ကုန်သွယ်ရေးဦးစီးဌာန ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် နှင့် ငွေတိုက်ဦးစီးဌာနမှ (၆) လ ဘတ်ဂျက်ကာလ အတွက် Reporting template များအား မိမိတို့ထံသို့ ပေးပို့ပြီးဖြစ်ကြောင်း၊ ပေးပို့ရန်ကျန်ရှိသည့် ဌာနများ အနေဖြင့် ဖြည့်သွင်းပေးပို့ပေးရန် မေတ္တာရပ်ခံအပ်ပါကြောင်း တင်ပြခဲ့သည်။

## ၁၃။ အထွေထွေဆွေးနွေးခြင်း

(၁) အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက Mining Cadastre နှင့်ပတ်သက်၍ သတ္တုတွင်းဦးစီးဌာန၏ တင်ပြချက်တွင် လိုအပ်သည့်အရည်အသွေးရရှိနိုင်ရန်အတွက် ကမ္ဘာ့ဘဏ်နှင့် ညှိနှိုင်းရန်ဟူသည့်အချက်အပေါ် မှတ်တမ်းတင်ရန် ဆွေးနွေးခဲ့ရာ ဥက္ကဌမှ မှတ်တမ်းပါရှိပြီးဖြစ်ကြောင်း၊ စီမံကိန်းမန်နေဂျာကလည်း Mining Cadastre ကိစ္စရပ်နှင့်ပတ်သက်၍ ကမ္ဘာ့ဘဏ်အဖွဲ့ခေါင်းဆောင် Mr. Morten ထံသို့ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး က စာရေးသားပေးပို့ပြီးဖြစ်ကြောင်း တင်ပြခဲ့ပါသည်။ Mining Cadaster Design Report ဆွေးနွေးရန်အတွက် (၅) ပွင့်ဆိုင်အစည်းအဝေး ကျင်းပရန် အချိန်ညှိနှိုင်းခဲ့ရာ၌ Mining Cadaster လုပ်ငန်းစဉ် ၏ Design Report ကို ဆွေးနွေးရန် အတွက် (၅) ပွင့်ဆိုင် ညှိနှိုင်း အစည်းအဝေးအား ၄-၉-၂၀၂၀ ရက်နေ့ နေ့လယ်ပိုင်း၌ ကျင်းပရန် ဆုံးဖြတ်ခဲ့ကြသည်။ ဒုတိယဥက္ကဋ္ဌက ဒီဇိုင်းအစီရင်ခံစာအား Consultant က တင်ပြလာပြီဖြစ်ကြောင်း၊ အားလုံးထံသို့ မျှဝေပေးပြီးဖြစ်ကြောင်း၊ လာမည့် ၄-၉-၂၀၂၀ ရက်နေ့၌ Consultant က တွေ့ဆုံရှင်းလင်းမည်ဖြစ်သဖြင့် ကြိုတင်လေ့လာ၍ သိလိုသည်များအား အကြံပြုဆွေးနွေးကြရန် တိုက်တွန်းခဲ့သည်။

(၂) နည်းပညာညှိနှိုင်းရေးတာဝန်ခံက Validation လုပ်ငန်းစဉ်၏ ပြုပြင်ဆောင်ရွက်ရမည့်အချက် (Corrective Action) ၁.၃ နှင့် ပတ်သက်၍ ၃၀-၆-၂၀၂၀ ရက်နေ့၌ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးနှင့် တွေ့ဆုံခွင့် တောင်းသည့်စာ တင်ထားခဲ့ကြောင်း၊ သို့သော် ပြည်ထောင်စုဝန်ကြီးရုံးသို့ မရောက်ရှိဘဲ ပြည်ထောင်စုအစိုးရ အဖွဲ့ဝန်ကြီးရုံးဌာနသို့ ရောက်ရှိသွားသဖြင့် ၁၈-၇-၂၀၂၀ ရက်နေ့တွင် ပြန်လည် ပေးပို့ထားကြောင်း၊ ပြည်ထောင်စုဝန်ကြီးနှင့်တွေ့ဆုံခွင့်ရရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ကျောက်မျက် ကဏ္ဍ၌ Technical and Financial criteria များ ထုတ်ပြန်ရေးနှင့် ကျောက်မျက် မူဝါဒ ထွက်ရှိရေးနှင့် စပ်လျဉ်း၍ ဇွန်လအတွင်း ဌာနသို့ ပြည်ထောင်စုဝန်ကြီးသို့ စာပေးပို့ခဲ့ကြောင်း၊ နောက်ဆုံးအခြေအနေ အရ ၉-၇-၂၀၂၀ ရက်နေ့၌ ဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ၊ သတ္တုရေးရာ အစည်းအဝေးတွင် မူဝါဒထွက်ရှိနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီထွက်ရှိနိုင်ရေး ဆုံးဖြတ်ထား သည်ဟု သိရှိရကြောင်း၊ NCS သို့ အကြောင်းကြားထားကြောင်း၊ Other Account ပိတ်သိမ်းမှုနှင့် ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ ဇွန်လ (၂၂) ရက်နေ့တွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ NCS သို့ ပေးပို့ခဲ့ပြီးဖြစ်ပြီး Validation Group အစည်းအဝေးတွင်လည်း ဆွေးနွေးပြီးဖြစ်ကြောင်း၊ Other Account လက်ကျန်စာရင်းများအား SEE account သို့လွှဲပြောင်းမှုနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးထံတင်ပြပြီးနောက် သက်ဆိုင်ရာဝက်ဘ်ဆိုဒ်တွင် တင်ပြရန် စီစဉ်သွား မည်ဟု ဇွန်လ (၂၂) ရက်နေ့ တွင် အကြောင်းကြားလာခဲ့ကြောင်း စသဖြင့် တင်ပြခဲ့ သည်။ အရပ်ဘက် ကိုယ်စားလှယ်တစ်ဦးကလည်း Validation Corrective Action 1.3 နှင့်ပတ်သက်၍ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးထံ စာပေးပို့မည် ဖြစ်ကြောင်း၊ Environmental Reporting နှင့်ပတ်သက်၍ ALARM နှင့် လုပ်ဆောင်နေသည့် ကိစ္စရပ်တွင် အခက်အခဲ၊ အကန့်အသတ် ကြုံတွေ့နေရသည့် အပိုင်းရှိကြောင်း၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးမှတစ်ဆင့် MSG သို့ အသိပေးရန် လိုအပ်သည်များအား အသိပေးသွားမည် ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

(၃) EITI Impact assessment နှင့်ပတ်သက်ပြီး In-person အနေဖြင့် (၂-၃) ရက် ကျင်းပသွားရန် ဆွေးနွေးခဲ့ကြကြောင်း၊ ရန်ပုံငွေအား အရပ်ဘက်ကဏ္ဍမှ ပံ့ပိုးပေးမည်ဟု ဆွေးနွေးထားကြောင်း၊ အဆိုပါလုပ်ငန်းစဉ် မည်သည့်အခြေအနေရောက်ရှိနေသည်ကို အရပ်ဘက်ကိုယ်စားလှယ်က မေးမြန်း ရာ၌ နည်းပညာကျွမ်းကျင်သူက မိမိတို့နေဖြင့် EITI Impact Assessment Study Consultant ၏ ToR (မူကြမ်း) ပြင်ဆင်ပြီး ဖြန့်ဝေထားကြောင်း၊ ထို့နောက် Assessment Workshop အတွက် Concept Note အား ပြင်ဆင်ထားကြောင်း၊ ယနေ့အစည်းအဝေးအပြီး၌ MSG သို့ ဖြန့်ဝေတင်ပြမည်ဖြစ်ကြောင်း နှင့် ဖြန့်ဝေသည့်အခါတွင် အတည်ပြုပေးရန်လည်း တင်ပြခဲ့သည်။ ထို့နောက် အရပ်ဘက်ကိုယ်စားလှယ် က Workshop တွင် အားလုံးပူးပေါင်းပါဝင်၍ ဆောင်ရွက်ရမည်ဖြစ်သဖြင့် ကိုယ်စားလှယ်များအားလုံးက ပူးပေါင်းနိုင်ရန် အတွက် ဆွေးနွေးပေးကြရန် တိုက်တွန်းဆွေးနွေးခဲ့သည်။ စီမံကိန်းမန်နေဂျာကလည်း အဆိုပါ Workshop ကျင်းပခြင်း၏ ရည်ရွယ်ချက်သည် EITI လုပ်ငန်းစဉ်အား စတင်ဆောင်ရွက် သည်မှစ၍ ယနေ့အထိ အကောင်အထည်ဖော်မှုရလဒ်များအား သုံးသပ်၍ အနာဂတ်အတွက် အစီအစဉ်များချမှတ်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ထို့အတွက် Consultant ငှားရမ်းရန် ToR ပြုစုခြင်း၊

Consultant မှ သက်ဆိုင် ရာ လေ့လာမှုများ ပြုလုပ်ပြီးနောက် အစီရင်ခံစာပြုစုမည်ဖြစ်ကြောင်း၊ ထို့နောက် အားလုံးပါဝင်သည့် အလုပ်ရုံဆွေးနွေးကျင်းပမည်ဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးပြီးပါက အားလုံးထံသို့ Workshop Concept Note များကိုလည်း မျှဝေပေးသွားမည်ဖြစ်ကြောင်း၊ ၆-၈-၂၀၂၀ ရက်နေ့ နည်းပညာနှင့် အစီရင်ခံစာအစည်းအဝေးတွင်လည်း အသေးစိတ်ဆွေးနွေးခဲ့ကြကြောင်း၊ ToR မူကြမ်းအား မျှဝေပေးထားကြောင်း၊ ကုန်ကျစရိတ်အား အရပ်ဘက်ကဏ္ဍမှ ပံ့ပိုးပေးမည်ဟု ဆွေးနွေးထားကြောင်း စသဖြင့် တင်ပြခဲ့သည်။

(၄) ထို့နောက် **"EITI Impact Study Consultant အတွက်လုပ်ငန်းတာဝန်နှင့် Impact Assessment Workshop အတွက် Concept Note များအား MSG သို့ ဖြန့်ဝေ၍ အတည်ပြုချက်ရယူရန်"** ဟု ဆုံးဖြတ်ခဲ့သည်။ လက်ရှိ COVID-19 ကပ်ရောဂါ အခြေအနေများကြောင့် စီစဉ်ထားသလို ဖြစ်နိုင်၊ မဖြစ်နိုင် စိုးရိမ်ပါ ကြောင်းလည်း အရပ်ဘက်ကိုယ်စားလှယ်က ဆွေးနွေးခဲ့သည်။ MSG ဥက္ကဋ္ဌက နိုင်ငံတကာ နည်းတူ ဖြစ်နေသည့် အတွက် မိမိတို့နိုင်ငံတွင်လည်း နှောင့်နှေးမှုများ ဖြစ်လာနိုင်သဖြင့် နိုင်ငံတကာ EITI အတွင်းရေးမှူးရုံးကလည်း နားလည်ပေးလိမ့်မည်ဟု မျှော်လင့်ကြောင်း၊ သို့သော် လုပ်ငန်းစဉ်အား အရှိန်အဟုန်မပြတ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။ ပုဂ္ဂလိကကဏ္ဍ ကိုယ်စားလှယ် တစ်ဦးကလည်း အချိန်ကန့်သတ်ချက်မရှိပါက ကိုဗစ်ကာလဖြစ်သည့်အတွက် အားလုံးပါဝင် တက်ရောက် နိုင်ရန်အတွက် အခြေအနေ ပေးသည့်အချိန်တွင် ကျင်းပရန် အဆိုပြုဆွေးနွေးခဲ့ပြီး အောက်တိုဘာလကုန် သို့မဟုတ် နိုဝင်ဘာလ အစောပိုင်းတွင် ကျင်းပနိုင်ပါက အဆင်ပြေကြောင်းလည်း အကြံပြုခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်ကလည်း Validation အချိန်ကာလနှင့် ချိန်ညှိ၍ ဆောင်ရွက်ပေးရန် တိုက်တွန်း ဆွေးနွေးခဲ့သည်။

## ၁၄။ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ဥက္ကဋ္ဌ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက နိဂုံးချုပ်စကားပြောကြားခြင်း

သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားရာတွင် ယနေ့အစည်းအဝေး၌ အရေးကြီး ကိစ္စရပ်များစွာ ဆွေးနွေးနိုင်ခဲ့ကြောင်း၊ အခြေခံမူများအတိုင်း ပွင့်လင်း မြင်သာစွာ ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ရည်မှန်းချက်များအကောင်အထည်ဖော်ရာတွင် လမ်းကြောင်း မှန်ကန်စွာ ဆောင်ရွက်နိုင်ရန် အရေးကြီး ကြောင်း၊ ရေရှည်တည်တံ့သည့်စနစ်မျိုးဖြစ်ရန် ဆောင်ရွက်ရန် နှင့် နိုင်ငံတော်ဘက်ကလည်း ကျခံသင့် ကျခံထိုက်သည်များအား ကျခံပေးနိုင်ရန် ကြိုးစားနေကြောင်း၊ အလှူရှင်ရှိပါက အလှူရှင်ထံမှ ရယူနိုင်ရန် နှင့် နိုင်ငံတော်ကလည်း နှစ်စဉ် ဘတ်ဂျက်များတွင် ထည့်သွင်းကုန်ကျနိုင်ရန် စီမံနေကြောင်း၊ သက်ဆိုင် ရာဆပ်ကော်မတီများကလည်း အကောင်အထည် ဖော်ခြင်းလုပ်ငန်းများအား ဆက်လက် လုပ်ပေးစေလို ပါကြောင်း၊ Validation Process သည်လည်း မျက်ခြေပြတ်၍ မရကြောင်း၊ လုပ်ငန်းတစ်ခုချင်းအလိုက် မျက်ခြေမပြတ် အကောင်အထည် ဖော်ရန် လိုအပ်ကြောင်း၊ လုပ်ငန်းကော်မတီနှင့် ဦးဆောင်ကော်မတီ

အစည်းအဝေး လည်း ကျင်းပရမည် ဖြစ်ကြောင်း၊ လက်ရှိအခြေအနေ တင်ပြရန်ဖြစ်ကြောင်း၊ ၂-၉-၂၀၂၀ ရက်နေ့အစည်းအဝေးတွင်လည်း ကြားကာလ ဖွဲ့စည်းပုံ၊ နောက်လာမည့်ဖွဲ့စည်းပုံ၊ Organizational Development Consultant နှင့် ဆက်လက်ညှိနှိုင်းရမည့်ကိစ္စရပ်များ၊ Organizational Development Consultant က နိုင်ငံတကာလုပ်ထုံးလုပ်နည်းများအတိုင်း ရေးဆွဲရမည့် Policy ကိစ္စရပ်များကို တင်ပြရမည်ဖြစ်ကြောင်း၊ အစိုးရနှင့်မတူညီသည်မှာ ရှုပ်ထွေးသည့် Function များရှိကြောင်း၊ BO နှင့် ပတ်သက်၍လည်း လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြရမည်ဖြစ်ကြောင်း၊ လက်တွေ့လည်း အကောင်အထည်ဖော်နိုင်သည့် အနေအထားဖြစ်မှ တင်ပြသင့်ကြောင်း၊ သမ္မတရုံးကို တင်ပြရမည့် တင်ပြစာဆိုလျှင်လည်း အဆင့်ဆင့်တင်ပြပြီးမှ စိစစ် တင်ပြတာဖြစ်ကြောင်း၊ Consultant ငှားရမ်းခြင်း ကိစ္စများနှင့် စပ်လျဉ်း၍ REOI ခေါ်ဆိုပြီးပါက သူ့အချိန်နှင့်သူ ဆောင်ရွက်ရကြောင်း၊ ကမ္ဘာ့ဘဏ်က အုပ်ချုပ်မှုနှင့် ပတ်သက်ပြီး ရပ်သွားသော် လည်း နည်းစနစ်အတိုင်း ပေးချေမှုများအား ပြုလုပ်နေပါကြောင်း၊ COVID-19 အား ဖြတ်သန်းနေသည့် ကာလည်းဖြစ်ပြီး ရွေးကောက်ပွဲလည်းရှိကြောင်း၊ သို့သော်မိမိတို့ EITI လုပ်ငန်းစဉ်အား အရှိန်အဟုန်မပြတ်ပဲ ဆောင်ရွက်သွားကြရန် နှင့် အပြုသဘောဆောင်ပြီး ဝိုင်းဝန်းကူညီပေးကြရန် တိုက်တွန်းပါကြောင်း၊ ဖွံ့ဖြိုးရေးမိတ်ဖက်များ၊ NCS၊ လုပ်ငန်းခွဲကော်မတီများနှင့် SNU စသည်တို့ကိုလည်း ကျေးဇူးတင်ကြောင်း၊ အွန်လိုင်းကနေတက်ရောက်ရသည် ဖြစ်သည့်အတွက် အချို့ဆိုလျှင် ခရီးသွား နေရင်းနှင့်ပင် တက်ရောက်ပေးကြသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ နောက်အစိုးရ သည်လည်း ပြည်သူကရွေးချယ်သည့် အစိုးရဖြစ်မည့်အလျောက် သဘာဝသယံဇာတ ပွင့်လင်းမြင်သာမှုရှိရန်၊ ပြည်သူ အတွက် ရွေးချယ်၊ ဆက်လက်ပြီး အားပေးမည်ဟု ယုံကြည်ပါကြောင်း၊ Focal Ministry ဖြစ်သည့် MOPFI ရှိနေခြင်းသည် အားသာချက်တစ်ခုလည်းဖြစ်ပါကြောင်း၊ ဆွေးနွေးပေးကြသည့်အတွက် ကျေးဇူးတင်ပါကြောင်း စသဖြင့် ပြောကြားရင်း နိဂုံးချုပ်စကားပြောကြားခဲ့သည်။

## (၃၁) ကြိမ်မြောက် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်များ

**၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၃၁) ရက်** **Online Meeting**

| စဉ် | ဆုံးဖြတ်ချက်များ | ဆောင်ရွက်မည့်သူ | ဆောင်ရွက်မည့်အချိန် |
|---|---|---|---|
| ၁။ | NCS မှ MOBD မှ ဝန်ထမ်းများသို့ NCS ၏ လုပ်ငန်းလွှဲပြောင်းမှု မပြုလုပ်ပေးမီ ညှိနှိုင်းအစည်းအဝေးအား ၂-၉-၂၀၂၀ ရက်နေ့ နံနက် (၁၀း၀၀) တွင် ပြုလုပ်ရန် | MOBD, NCS | ၂-၉-၂၀၂၀ ရက်နေ့ |

| | | | |
|---|---|---|---|
| ၂။ | OAG ၏ NCS နှင့်သက်ဆိုင်သော စာရင်းစစ်အစီရင်ခံစာပါ MSG ၊ MOBD ၊ NCS တို့နှင့် သက်ဆိုင်သည့် အကြောင်းအရာများကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနှင့်ညှိနှိုင်း၍ MSG သို့ မျှဝေပေးရန် | MOPFI | |
| ၃။ | New Structure မဖွဲ့စည်းနိုင်မီ NCS အဖြစ် တာဝန်ယူမည့် MOBD သို့ လုပ်ငန်းများစနစ်တကျလွှဲပြောင်းနိုင်ရေးနှင့် MEITI လုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် NCS ၏ လုပ်ငန်းအကူးအပြောင်းကာလအား (၃) လ သို့မဟုတ် (၆) လဖြင့် ဆောင်ရွက်နိုင်ရန် ဘဏ္ဍာငွေ ပံ့ပိုးနိုင်မှုအခြေအနေများ၊ MOU ဆိုင်ရာ Modify ပြုလုပ်ရန် အတွက် ညှိနှိုင်းဆောင်ရွက်မှုများအား ဆက်လက်ဆောင်ရွက်ရန် | MOPFI, NCS, Nathan Associate | |
| ၄။ | Mining Cadaster Phase II လုပ်ငန်းစဉ်အကောင်အထည်ဖော်မှုနှင့်ပတ်သက်၍ တင်ပြခဲ့သည့် အောက်ပါအချက်များအား သဘော တူသည် -<br>• Final Inception Report အား ကော်မတီ(၂)ရပ်နှင့် တက်ရောက်ခဲ့သည့် ကဏ္ဍာအသီးသီးမှ ကိုယ်စားလှယ်များက သဘောတူကြောင်းဆုံးဖြတ်ခဲ့မှုအား မှတ်တမ်းတင်ရန်ကိစ္စ<br>• Mining Cadaster Phase II စီမံကိန်းအချိန်ကာလ တိုးမြှင့်ရရှိစေရေး သက်တမ်းတိုးဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ကမ္ဘာ့ဘဏ်နှင့် ညှိနှိုင်းခွင့်ပြုရန်ကိစ္စ<br>• Mining Cadaster တွင် အသုံးပြုရန် လိုအပ်သည့် Server ဝယ်ယူရေးကိစ္စ<br>• Design Report မူကြမ်းအား ၂၆-၈-၂၀၂၀ရက်စွဲပါစာဖြင့် ၂၇-၈-၂၀၂၀ရက်နေ့တွင်ပေးပို့လာသဖြင့် အစီရင်ခံစာပါ အချက်များကို ကော်မတီ (၂) ရပ်မှ ဆွေးနွေးဆုံးဖြတ်ခွင့် ပြုရန်ကိစ္စ | MSG | |
| ၅။ | Mining Cadaster တွင် Data များအတွက် အသုံးပြုရန် Server ဝယ်ယူနိုင်ရေးကိစ္စအတွက် MOPFI မှ ဦးဆောင်၍ ကမ္ဘာ့ဘဏ်၏ သီးခြားပံ့ပိုးမှုမှ ရရှိရန်သော်လည်းကောင်း၊ နိုင်ငံတော်ဘတ်ဂျက်မှသော်လည်းကောင်း၊ Donor Consultation Group အစည်းအဝေး ကျင်းပ၍သော်လည်းကောင်း ရန်ပုံငွေရှာဖွေရန် | MOPFI | |
| ၆။ | BO လုပ်ငန်းစဉ်နှင့်ပတ်သက်၍ လွှဲပြောင်းရန်ကိစ္စ အသေးစိတ်များ အား ၂-၉-၂၀၂၀ ရက်နေ့တွင် ပြုလုပ်မည့် NCS နှင့် MOBD တို့အစည်းအဝေးတွင် ဆွေးနွေးပြီးနောက် MSG သို့ ပြန်လည်မျှဝေ ပေးရန် | NCS | |
| ၇။ | Contract Transparency သမ္မတရုံးအမိန့်စာနှင့်ပတ်သက်၍ MOBD မှ BO Notification ထွက်ရှိခဲ့သည့် လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ရန် | MOBD | |

| | | | |
|---|---|---|---|
| ၈။ | စီမံကိန်းအဓိပ္ပာယ် (Project Definition) အား ဆွေးနွေးတင်ပြသည့် အောက်ပါဖွင့်ဆိုချက်အတိုင်း သဘောတူသည် -<br><br>*"တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာအစိုးရဌာန (လိုင်စင် ထုတ်ပေးသောဌာန (သို့) စာချုပ်ချုပ်ဆိုသောဌာန) အသီးသီးမှ ခွင့်ပြုပေးသော အမည်နာမအမျိုးမျိုးဖြင့် ချုပ်ဆိုထားသည့် ခွင့်ပြုမိန့် တစ်ခုချင်းစီ၊ စာချုပ်တစ်ခုချင်းစီ၊ လိုင်စင်၊ အငှားစာချုပ်၊ လုပ်ဆောင်ခွင့် သို့မဟုတ် အလားတူ ဥပဒေဆိုင်ရာ သဘောတူ ညီချက်တစ်ခုဖြင့် ထိန်းကျောင်းအပ်သော လုပ်ငန်းလည်ပတ် ဆောင်ရွက်ခြင်းများဖြစ်ပြီး အစိုးရနှင့် ပေးချေရန်တာဝန်ရှိမှုကို ဖြစ်ပေါ်စေသောအရာ"* | MSG | |
| ၉။ | Systematic Disclosure Feasibility Study Consultant ငှားရမ်းခြင်း ကိစ္စရပ် အသေးစိတ်များအား နည်းပညာနှင့်အစီရင်ခံစာ လုပ်ငန်းခွဲကော်မတီတွင် အသေးစိတ်ဆက်လက် ဆွေးနွေးရန် | Technical and Reporting Sub-committee | |
| ၁၀။ | QFE Study Consultant အတွက် Application များအပေါ် နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီ သက်ဆိုင်ရာ ကဏ္ဍ အလိုက် ကိုယ်စားလှယ်များက Score Sheet များအား ဖြည့်သွင်း၍ ၃၁-၈-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးသို့ ပြန်လည်ပေးပို့ရန် | Technical and Reporting Sub-committee | |
| ၁၁။ | (၆) ကြိမ်မြောက်နှင့် (၇) ကြိမ်မြောက် MEITI အစီရင်ခံစာအတွက် IA ToR မူကြမ်းအပေါ် နိုင်ငံတကာ EITI အတွင်းရေးမှူးရုံး၏ မှတ်ချက် အပေါ်ပြန်လည်ဆွေးနွေး၍ တစ်ပတ်အတွင်း MSG သို့ ပေးပို့၍ အတည်ပြုချက်ရယူရန် | NCS | |
| ၁၂။ | Mining Cadaster လုပ်ငန်းစဉ်၏ Design Report ကို ဆွေးနွေးရန် အတွက် ၅ ပွင့်ဆိုင် ညှိနှိုင်းအစည်းအဝေးအား ၄-၉-၂၀၂၀ ရက်နေ့ နေ့လယ်ပိုင်း၌ ကျင်းပရန် | MONREC Mining Cadaster Working Committee, MC Sub-committee, Consultant, World Bank, MOPFI | |
| ၁၃။ | 6th MEITI Summary Report အတွက် Consultant ငှားရမ်း ခြင်းအား ကမ္ဘာ့ဘဏ်၏ NOL ရရှိပြီးပါက လိုအပ်သလို ဆက်လက် ဆောင်ရွက်ရန် | MOBD | |

| | | | |
|---|---|---|---|
| ၁၄။ | EITI Impact Study Consultant အတွက်လုပ်ငန်းတာဝန်နှင့် Impact Assessment Workshop အတွက် Concept Note များအား MSG သို့ ဖြန့်ဝေ၍ အတည်ပြုချက်ရယူရန် | NCS | |
| ၁၅ | COVID-19 နှင့်ပတ်သက်၍ ကန့်သတ်ချက်များ မရှိပါက Impact Assessment Workshop အား ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ကုန် သို့မဟုတ် နိုဝင်ဘာလဆန်းတွင် In-person အစီအစဉ်ဖြင့် ညှိနှိုင်း ကျင်းပရန် | MSG and All Related Stakeholders | ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ကုန် (သို့မဟုတ်) နိုဝင်ဘာလဆန်း |

နောက်ဆက်တွဲ (၁) အစည်းအဝေးတက်ရောက်သူများစာရင်း (ကျား - ၂၉ ဦး၊ မ - ၂၁ ဦး၊ စုစုပေါင်း (၅၀) ဦး)

| စဉ် | အမည် | တာဝန်/ရာထူး | ဌာန/အဖွဲ့အစည်း |
|---|---|---|---|
| **Chair Person များ** | | | |
| ၁ | ဦးမောင်မောင်ဝင်း | Chair | Deputy Minister, MOPFI |
| ၂ | ဦးခင်လတ်ကြီး | Vice Chair | DG, DOM, MONREC |
| **အစိုးရကဏ္ဍကိုယ်စားလှယ်များ** | | | |
| ၃ | ဦးဝင်းမော် | DDG | OGPD, MOEE |
| ၄ | ဦးကျော်သက် | DDG | MONREC |
| ၅ | ဦးဝင်းအောင်ညို | Director | IRD, MOPFI |
| ၆ | ဒေါ်လှလှကျိန် | Director | OAG |
| ၇ | ဦးအေးမောင်ကြည် | Director | GAD |
| ၈ | ဦးသက်ခိုင် | GM | MGE, MONREC |
| **လုပ်ငန်းရှင်ကဏ္ဍကိုယ်စားလှယ်များ** | | | |
| ၉ | ဦးစိုးမော် | Chair | MFPTMA |
| ၁၀ | ဦးခင်မောင်ဟန် | Chair | MFMA |
| ၁၁ | ဦးဇော်ဘိုခန့် | Vice Chair | MGJEA |
| ၁၂ | ဦးမျိုးဇော်ဦး | Director for Government & Public Affairs | MPRL E&P |
| ၁၃ | ဦးသက်ဝင်းထွန်း | CEC | MGJEA |
| ၁၄ | ဒေါ်မေသက်စုဦး | PSC & Partner Reporting Supervisor | TOTAL E&P Myanmar |
| **အရပ်ဘက်ကဏ္ဍကိုယ်စားလှယ်များ** | | | |
| ၁၅ | ဦးကျော်သူ | MSG | MATA |
| ၁၆ | ဒေါ်မိုးမိုးထွန်း | MSG | MATA |
| ၁၇ | ဦးရဲလင်းမြင့် | MSG | MATA |
| ၁၈ | ဦးသန့်ဇင် | MSG | MATA |
| **အရန်ကိုယ်စားလှယ်များနှင့်လေ့လာသူများ** | | | |
| ၁၉ | ဦးကျော်ဇောထွန်း | AD | DOM |
| ၂၀ | ဦးရွှေဝင်း | AGM | MGE |
| ၂၁ | ဒေါ်ကြူကြူဝင်း | AGM | MGE |
| ၂၂ | ဒေါ်ဝင်းဝင်းကြူ | DD | OGPD |

| | | | |
|---|---|---|---|
| ၂၃ | ဒေါ်မီမီသိန်း | SC | MATA |
| ၂၄ | ဦးစံငွေ | SC | MATA |
| ၂၅ | ဦးဘုန်းပြည့်ကြွယ် | PC | MATA |
| **MEITI office, Budget Department (MOBD)** | | | |
| ၂၆ | ဒေါ်သီရိဆွေ | Deputy Director | MOBD |
| ၂၇ | ဒေါ်ခင်ပပခိုင် | Deputy Director | MOBD |
| ၂၈ | ဒေါ်မြမြင့်သန်း | AD | MOBD |
| ၂၉ | ဒေါ်ရွှေရည်ဝင်း | (SO) ဦးစီးအရာရှိ | MOBD |
| ၃၀ | ဒေါ်မေဆုမွန်အောင် | (SO) ဦးစီးအရာရှိ | MOBD |
| ၃၁ | ဒေါ်အိပိုင်ဖြိုး | စိစစ်ရေးမှူး-၂ | MOBD |
| ၃၂ | ဒေါ်အိအိမွန် | စိစစ်ရေးမှူး-၂ | MOBD |
| ၃၃ | ဒေါ်သင်းမဥ္ဇူ | စိစစ်ရေးမှူး-၂ | MOBD |
| **Development Partners များ** | | | |
| ၃၄ | ဒေါ်တာရာမောင် | - | Nathan Associates (USAID) |
| ၃၅ | ဒေါ်ရှိုးအိအိထွန်း | - | Nathan Associates (USAID) |
| ၃၆ | ဒေါ်ခင်သန္တာမြင့် | - | Oxfam |
| ၃၇ | ဒေါ်သီသီဟာန် | Consultant | World Bank |
| **မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး (MEITI-NCS)** | | | |
| ၃၈ | ဦးစိုးဝင်း | National Coordinator | MEITI-NCS |
| ၃၉ | ဒေါ်နှင်းထက်ထက်အောင် | Programme Manager | MEITI-NCS |
| ၄၀ | ဦးထွန်းပေါ်ဦး | Technical Specialist | MEITI-NCS |
| ၄၁ | ဦးကျော်သင်းမောင် | Program Assistant | MEITI-NCS |
| ၄၂ | ဦးနေမင်းမောင် | Technical Coordinator | MEITI-NCS |
| ၄၃ | ဦးဟိန်းထက်စိုး | Technical Officer | MEITI-NCS |
| ၄၄ | ဦးဖွဲ့စည်သူအောင် | BO Coordinator | MEITI-NCS |
| ၄၅ | ဒေါ်ထက်နန္ဒာအောင် | Sr. Communication Officer | MEITI-NCS |
| ၄၆ | ဦးဇင်ကိုကိုအောင် | Communication Officer | MEITI-NCS |
| ၄၇ | ဦးစိုးသီဟနိုင် | Admin Officer | MEITI-NCS |
| ၄၈ | ဦးတက်ထွန်းဆိုင် | Admin Assistant | MEITI-NCS |
| ၄၉ | ဦးမောင်မောင်မြင့်လွင် | IT Technician | MEITI-NCS |
| ၅၀ | ဒေါ်လွဲ့လွဲ့ဝင်းမော် | Finance Officer | MEITI-NCS |